# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက် ၂၀၂၄ ခုနှစ်၊ ဇွန် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၃)၊ အမှတ်(၂၅၁)


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာအားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေး



နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (UAE) သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed Al Faheem သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (UAE) သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed Al Faheem က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။


ယနေ့ *ဖတ် စ ရာ*

“ပြဿနာရဲ့အရင်းအမြစ်နဲ့ အဓိကအဟန့်အတားက ဘာလဲ” ဆိုသည်ကို ထင်ဟပ်သည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဟောင်း၏ ပြောဆိုချက် ဆောင်းပါး စာ ၁၀

ကွမ်းသီးများကို ကော့သောင်းမှတစ်ဆင့် ထိုင်းနိုင်ငံ ရနောင်းဘက်သို့ တင်ပို့လျက်ရှိ ပြည်တွင်းသတင်း စာ ၁၁

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ ပြည်တွင်းသတင်း စာ ၁၄






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုများ မြှင့်တင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များနှင့်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံ ဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma သည် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး ဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ရဟန်းသံဃာများနှင့် သာသနာ့နွယ်ဝင်သီလရှင်များ သီရိလင်္ကာ နိုင်ငံတွင် ပညာသင်ကြားလျက်ရှိမှုနှင့် သီရိလင်္ကာနိုင်ငံရှိ ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးများအား မြန်မာနိုင်ငံမှ သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျက်ရှိမှု အခြေအနေ များ၊ ခရီးသွားလုပ်ငန်းများ တိုးတက်ရေးအတွက် ပူးပေါင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်မှုများ မြှင့်တင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဝါး ထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ် များနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စ ရပ်များတွင် ပူးပေါင်းဆောင်ရွက် မှုများ တိုးမြှင့်ဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာ နိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြ သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ် ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ် နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဝဏ္ဏာဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (UAE) သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed Al Faheem အား လက်ခံတွေ့ဆုံစဉ်။

◆ရှေ့ဖုံးမှ

ထို့နောက် နှစ်နိုင်ငံအကြား သံတမန် ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ လေကြောင်း တိုက်ရိုက်ပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့်အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ နေရပ်စွန့်ခွာသူများကို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (UAE) သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed Al Faheem နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၁**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(ဓာတ်ပုံ)

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍများ အပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံရောက် သီရိလင်္ကာနိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာ အကူအညီပေးနိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၁၁**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုမှ လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ (၄/၅)စာအုပ် ၃၀၀၀ ကို နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်း



မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် ဇွန် ၁၁**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း နာယက ဦးကျော်ဆန်း၊ ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သီဆိုဖျော်ဖြေ**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက **"ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့"** သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် **"လူထုသိပ္ပံကျမ်းများ လှူဒါန်းမှုမှသည် စာဖတ်ရှိန်မြှင့်တင်ရေး"** သို့ ဗီဒီယိုကလစ်ကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြစ်သည့် စာဖတ်ရှိန် မြှင့်တင်ရေးကဏ္ဍတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး မိသားစုမှ စာအုပ်စာစောင်များ လှူဒါန်းသည့် အခမ်းအနားဖြစ်ပါကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အလွှာအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုကို ဝမ်းမြောက်မိပါကြောင်း၊ ယနေ့ ပြောင်းလဲတိုးတက်နေသည့် နည်းပညာခေတ်တွင် AI နည်းပညာသည် နေ့စဉ်နှင့်အမျှ တိုးတက်နေပြီး လူငယ်များ အကျိုးရှိစေသည့်အတွက် သိပ္ပံနည်းပညာနှင့် အသိပညာစာအုပ်၊ စာစောင်များကို နိုင်ငံတော်ဝန်ကြီးချုပ်က ကိုယ်ပိုင်ငွေဖြင့် လှူဒါန်းခြင်းဖြစ်ပါကြောင်း။

**ဆက်လက်ကြိုးစား**

စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး သားတို့သမီးတို့အနေဖြင့် နေ့စဉ်စာဖတ်ရာ၌ စာအစုံကိုလည်း ဖတ်ရှုရန် တိုက်တွန်းလိုပါကြောင်း၊ ယနေ့ လှူဒါန်းသည့် လူထုသိပ္ပံကျမ်းကို ဖတ်ရှုခြင်းဖြင့် နောင်တစ်ချိန်တွင် ခေတ်မီနည်းပညာများကို နားလည်တတ်ကျွမ်း၍ နိုင်ငံတော်က အားကိုးအားထားရသော သားကောင်း၊ သမီးကောင်းပညာရှင်များ ပေါ်ထွန်းရေးအတွက် ဆက်လက်ကြိုးစားသွားရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုမှ လှူဒါန်းသည့် လူထုသိပ္ပံကျမ်း အတွဲ(၄)နှင့် အတွဲ(၅) စာအုပ် ၃၀၀၀ ကို အလှူရှင်များကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၁၂၅ တိုက်သို့ စာအုပ် ၂၅၀ ကို လည်းကောင်း၊ တပ်မတော်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့ စာကြည့်တိုက်များအတွက် စာအုပ် ၁၀၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ် ၁၇၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၁၂၅ တိုက်သို့ လူထုသိပ္ပံကျမ်း အတွဲ(၄) နှင့် အတွဲ(၅)စာအုပ် ၂၅၀ အား ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က လက်ခံရယူသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုမှ လှူဒါန်းသည့် လူထုသိပ္ပံကျမ်း အတွဲ(၄)နှင့် အတွဲ(၅)စာအုပ် ၁၇၅၀ ကို အလှူရှင်များကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ ပေးအပ်လှူဒါန်းစဉ်။



မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၁၂၅ တိုက်သို့ လူထုသိပ္ပံကျမ်းအတွဲ(၄)နှင့် အတွဲ(၅) စာအုပ် ၂၅၀ အား ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က လက်ခံရယူစဉ်။

**ကျေးဇူးတင်မှုဒိတာစကား ပြောကြား**

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်းက ကျေးဇူးတင်မှုဒိတာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း (စာရေးဆရာ မောင်ကျောက်ခဲ) က စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ဘက်စုံပညာရည် တို့လှမ်းချီ"** သီချင်းဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သဃ်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းသားကျောင်းသူများက **"အနာဂတ်မြန်မာသို့"** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၇) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ




**ရန်ကုန် ဇွန် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဇွန် ၅ ရက်မှ ၈ ရက်အထိ ကျင်းပပြုလုပ်သည့် (၂၇) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ် (27th St. Petersburg International Economic Forum – SPIEF–2024) တက်ရောက်ပြီး ဇွန် ၁၀ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့အား သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်ကို ၁၉၉၇ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့**

စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်ကို ၁၉၉၇ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ၂၀၀၆ ခုနှစ်မှစတင်ကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ကမကထပြုမှုဖြင့် ဆောင်ရွက်ကာ ဖိုရမ်ပြုလုပ်သည့် အခမ်းအနားတိုင်းတွင်လည်း သမ္မတကိုယ်တိုင် တက်ရောက် ချီးမြှင့်ဆွေးနွေးပြောကြားပြီး ရုရှားနိုင်ငံ လက်ရှိဆောင်ရွက်လျက်ရှိသော အဓိကစီးပွားရေးကဏ္ဍများ၊ အစဉ်အမြဲကြီးထွားလာသည့် ဈေးကွက်များနှင့် မျက်မှောက်ခေတ် ကမ္ဘာ့စီးပွားရေးအခြေအနေများကို နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများအကြား ဆွေးနွေးဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ယခုဖိုရမ်သည် ကမ္ဘာလုံးဆိုင်ရာပလက်ဖောင်းတစ်ခုအဖြစ် ဦးဆောင်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာထမ်းများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းနှင့် ပုဂ္ဂလိကစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၅ ရက် နံနက်ပိုင်းက ဥရောပအာရှစီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး Mr. Sergei Yurievich Glazyev နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် အီးအေအီးယူအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ အီးအေအီးယူ၏ ဒေသတွင်းစီးပွားရေးပေါင်းစည်းဆောင်ရွက်မှုများကို လေ့လာရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့ အကြား လက်မှတ် ရေးထိုးပြီးဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာအရ ပူးတွဲလုပ်ငန်းအဖွဲ့ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ရုရှားသမ္မတ၏အကြံပေး ရုရှားရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ ဥက္ကဋ္ဌ Mr. Anton Kobyakov ခေါင်းဆောင်သော ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း သီခြားစီတွေ့ဆုံပြီး ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဇွန် ၆ ရက် မွန်းလွဲပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maksim Reshetnikov ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ရုရှား – မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်အစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းအရ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ မြန်မာ – ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလမ်းပြမြေပုံ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Igor Levitin ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးနှင့် အခြားကဏ္ဍများတွင် အခြေခံအဆောက်အအုံဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရုရှား – အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Ivan Viktorovich Polyakov တည်ခင်းဧည့်ခံသောအလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ပြီး ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**နှစ်နိုင်ငံအကြား ပူးပေါင်းကူညီဆောင်ရွက်နိုင်မည့် အခြေအနေများဆွေးနွေး**

ဇွန် ၇ ရက်တွင် ရုရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး Mr. Roman Vladimirovich Starovoyt ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံအကြား လေကြောင်းလိုင်းပြေးဆွဲနေမှုနှင့်ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ရထားပို့ဆောင်ရေးကဏ္ဍတွင် မြန်မာ–ရုရှား နှစ်နိုင်ငံအကြား ပူးပေါင်းကူညီဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ဖိုရမ်တက်ရောက်စဉ် ကာလအတွင်း ပြည်ထောင်စုဝန်ကြီးများက ဖိုရမ်၏ Panelist များအနေဖြင့် တက်ရောက်ဆွေးနွေးကြရာ ဇွန် ၆ ရက် နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က EAEU – ASEAN Business Dialogue ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဇွန် ၇ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက The Economic of Health: Effectively Managing Health and Improving Quality of Life ခေါင်းစဉ်ဖြင့် လည်းကောင်း တက်ရောက်ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြသည်။

ထို့ပြင် သီးခြားတွေ့ဆုံမှုများအနေဖြင့် ဇွန် ၇ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ခေါင်းဆောင်သောအဖွဲ့နှင့် ရုရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. Mikhail Murashko တွေ့ဆုံခဲ့ပြီး မြန်မာ – ရုရှား နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်မှု မူဘောင်ရေးဆွဲရေးကိစ္စရပ်များနှင့် တောင်ကြီးစဝ်စံထွန်းဆေးရုံတွင် ကင်ဆာရောဂါဆေးကုသမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရုရှားနိုင်ငံမှ ကင်ဆာရောဂါ ကုသမှုဆေးဝါးများ တင်သွင်းဖြန့်ချိရေးနှင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အလားတူ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဇွန် ၇ ရက် ညနေပိုင်းတွင် (၂၇)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ပင်မအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး(Main Forum– Plenary Session)သို့ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က မိန့်ခွန်းပြောကြား၍ နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ပင်မဆွေးနွေးမှုများကို ဦးဆောင်ဆွေးနွေးခဲ့ပြီး ဗိုလစ်ဗီးယားနိုင်ငံသမ္မတ Mr. Luis Arce နှင့် ဇင်ဘာဘွေနိုင်ငံသမ္မတ Mr. Emmerson Mnangagwa တို့က ပါဝင်ဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် နည်းပညာဆိုင်ရာကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် သီးခြားတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၆ ရက် နံနက်ပိုင်းတွင် ရုရှားနိုင်ငံ၏ နိုင်ငံတကာစွမ်းအင်ကုမ္ပဏီဖြစ်သည့် PJSC Gazprom Company မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် စွမ်းအင်ဆိုင်ရာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့်အခြေအနေများကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် FESCO Transportation & Logistics Company မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လည်းကောင်း၊ ဇွန် ၇ ရက် မွန်းလွဲပိုင်းတွင် Business Russia နှင့် Aquarius နည်းပညာကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေများကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား သွားရောက်တွေ့ဆုံအားပေး





**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းတိုင်တပ်နယ်နှင့် တိုက်ကြီးတပ်နယ်တို့ရှိ တပ်မတော်လေ့ကျင့်ရေးကျောင်းများ၌ သင်တန်းတက်ရောက်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား သွားရောက်တွေ့ဆုံအားပေးအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲများသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တင်အောင်စန်းအား သက်ဆိုင်ရာကျောင်းအုပ်ကြီးများက ကျောင်းရုံးအစည်းအဝေးခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်နေမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စစ်မှုထမ်းသင်တန်းခန်းမများ၌ အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ယခုလို လာရောက်တွေ့ဆုံရသည့် အကြောင်းရင်းသည် ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်မည့် စစ်သည်များကို ပြည်သူ့စစ်မှုထမ်းနှင့် ပတ်သက်ပြီး သိသင့်သိထိုက်သည်များကို ပြောကြားရင်း အားပေးစကား ပြောကြားလိုခြင်း၊ သင်တန်းကာလတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးလိုခြင်းတို့ကြောင့် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းများကို မိမိတို့ တပ်မတော်အနေဖြင့် နွေးနွေးထွေးထွေးကြိုဆိုကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့ပြီး ယခု နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာတည်စေခဲ့သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့ကြောင်း။

အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ကို မိမိကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေး၍ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးခဲ့ကြောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)၊ အတွင်းရေးမှူးအဖြစ် စစ်ရေးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးများ ပါဝင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ဗဟိုအဖွဲ့ ဖွဲ့စည်းပြီး ဗဟိုအဖွဲ့မှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်း တာဝန်များကို စနစ်တကျ စီမံချက်ချပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၈ ပုဒ်မ ၃၈၆ တွင်လည်း “ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်” ဟု ဖော်ပြထားပါကြောင်း။

ယခု သင်တန်းများတွင် တက်ရောက် နေသူများသည် ကိုယ်တိုင်ဆန္ဒပြုသူများဖြစ်သည်ကို သိရှိရပါကြောင်း၊ ကိုယ်တိုင်ဆန္ဒပြု၍ ဝင်ရောက်လာခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုဂုဏ်ယူပါကြောင်း၊ တပ်မတော်သား တစ်ယောက်ဖြစ်လာပါက ပေးအပ်သည့်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နေ့စဉ်ရွတ်ဆိုသည့် သစ္စာအဓိဋ္ဌာန်လေးချက်တွင် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန်ဟုပင် အဓိဋ္ဌာန်ပြုထားပါကြောင်း၊ စစ်သင်တန်းဖြစ်သဖြင့် စနစ်တကျဖြင့် စည်းနှင့်ကမ်းနှင့်အညီ နေထိုင်ရန်လိုအပ်ကြောင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းစေရန်နှင့် နိုးကြားဖျတ်လတ်၍ တက်ကြွရန်လိုအပ်ပါကြောင်း၊ အမြဲတမ်းတိုက်ပွဲဝင်ရန်အသင့်ဖြစ်နေရန်နှင့် ဖွဲ့သတ္တိရှိရန်လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုနှင့် နိုင်ငံတော်အတွက်အမြဲတမ်းပင် ရှေ့က မားမားမတ်မတ် ရပ်တည်ခဲ့ကြောင်း၊ မိမိတို့ တပ်မတော်သားများအနေဖြင့် ရဲသော်မသေ သေသော်ငရဲမလားဆိုသည့် ဆောင်ပုဒ်အတိုင်း ပေးအပ်သည့်တာဝန်ကို ရဲဝံ့ကျေပွန်စွာ ထမ်းဆောင်ရန်လိုအပ်ကြောင်း၊ သင်ကြားပေးသည့် စစ်ပညာများကို ကျွမ်းကျင်စွာတတ်မြောက်အောင် သင်ကြားကြရန်လိုကြောင်း၊ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းရန် လိုသကဲ့သို့ စိတ်ဓာတ်ပိုင်းဆိုင်ရာလည်း ကြံ့ခိုင်သန်စွမ်းရန် လိုအပ်ကြောင်း၊ ပြည်သူက အားထားရသည့် တပ်မတော်သားကောင်းများ ဖြစ်ရန်လိုအပ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် လေ့ကျင့်သင်ကြားပေးသည့်စစ်ပညာများကို ကျွမ်းကျင်တတ်မြောက်ရန်နှင့် စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်သည့် စစ်သည်ကောင်း တစ်ယောက်ဖြစ်ရန် ကြိုးစားလေ့ကျင့်ရန်လိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးနှင့်တပ်မှူးတို့က လက်ခံရယူကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် စားသောက်ဖွယ် ရာများပေးအပ်ရာ သက်ဆိုင်ရာနည်းပြအရာရှိချုပ်များက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး တိုက်ကြီးတပ်နယ်လေ့ကျင့်ရေးကျောင်း စားရိပ်သာတွင် သင်တန်းသားများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေ့ကျင့်ရေးကွင်း အသီးသီး၌ လက်နက်ငယ် သင်ခန်းစာနှင့် ခန်းမအတွင်း စစ်နည်းဗျူဟာ သင်တန်းပို့ချနေမှုများ၊ သင်တန်းသားများ အိပ်ဆောင်များ၊ သင်တန်းသားစားရိပ်သာနှင့် စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

နိုင်ငံသား တိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာ သက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်း အပတ်စဉ် (၁) နှင့် (၂)တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး(၂၀၂၄) ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး (၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိတပ်နယ်ရှိ နယ်မြေခံ တပ်ရင်းခန်းမ၌ ပြုလုပ်ရာ နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နာယက နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။




ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။ ထို့နောက် နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည် အစည်းအဝေး (၂၀၂၄)ကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၁၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီးလှိုင်းကြီးမည်၊ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr. Tharaka Balasuriya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ- သီရိလင်္ကာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် မြန်မာနိုင်ငံရှိ သီရိလင်္ကာနိုင်ငံသားများအား ကူညီကာကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် အောင်နိုင်သူ၊ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. Sisira Senevirathne နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇွန် ၁၁**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) နှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ်အစိုးရ အဖွဲ့ရုံး၌ ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများတွင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ရောင်းဝယ်မှုနှင့် အခြားဟူ၍ လုပ်ငန်းအမျိုးအစား (၄) မျိုးအနက် ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်သည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း စက်မှုလုပ်ငန်းများအတွက် သက်သာသောနှုန်းထားများဖြင့် စက်မှုဇုန်များတွင် မြေနေရာများ ငှားရမ်းပေးနိုင်ရေးအတွက် ဒေသဆိုင်ရာအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း အေဂျင်စီများအနေဖြင့် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသွားရမည်ဖြစ်ကြောင်း။

စက်မှု ဝန်ကြီးဌာနသည် ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေ၊ ဘွိုင်လာဥပဒေ၊ လျှပ်စစ်ဥပဒေ၊ SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ ဓာတုဗေဒနှင့် ဆက်စပ်သောဥပဒေနှင့် စက်မှုဇုန်ဥပဒေများ ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့နှင့် ကော်မတီများ အနေဖြင့် စက်မှုလုပ်ငန်း၊ စက်မှုဇုန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ကိစ္စများနှင့်ပတ်သက်၍ ချိတ်ဆက်ဆောင်ရွက်သွားနိုင်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်က စက်မှုဇုန်နှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေများနှင့် အညီ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်မှုဇုန်အသစ်များ ဖော်ဆောင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုဇုန်ဥပဒေနှင့် စက်မှုဇုန်နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ စက်မှုဇုန်အသစ် တည်ထောင်ခြင်းနှင့် သတ်မှတ်ကြေညာခြင်း၊ တည်ထောင်ပြီး စက်မှုဇုန်များရှိ စက်မှုလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ စက်မှုဇုန်စီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးက ရှမ်းပြည်နယ်အတွင်းရှိ စက်မှုလုပ်ငန်းများတည်ထောင်လည်ပတ်နေမှု၊ စက်မှုဇုန်ဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်မည့်အခြေအနေတို့ကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေတို့ကို လည်းကောင်း၊ အေးသာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက စက်မှုဇုန်အတွင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တက်ရောက်လာသူများက စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ ဆောင်ရွက်သင့်သည့်အချက်များကို အကြံပြုဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) သို့ ရောက်ရှိပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် တာဘိုင်နှင့် ဂျင်နရေတာများ တပ်ဆင်အသုံးပြုမည့် မြေနေရာများကို လှည့်လည်ကြည့်ရှု စစ်ဆေး၍ ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်နှင့် ရရှိမည့်အကျိုးကျေးဇူး တို့ကို တွက်ချက်တင်ပြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ပုဂံပုံကျေးရွာအုပ်စု ဇုက္ကနိ – ကျောင်းစု ကျေးရွာချင်းဆက်လမ်း မြေပေါ်တွင် ဇွန် ၁၁ ရက်က ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်၊ မြောင်းမြခရိုင် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးကြည်ဌေးနှင့် ဝန်ထမ်းများ သစ်ပင်ပျိုးပင် ၅၀၀ စုပေါင်းစိုက်ပျိုးစဉ်။ မြို့နယ် (ပြန်/ဆက်)



၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ မြို့မရပ်ကွက် ညောင်သုံးပင်ရပ် ညောင်သုံးပင်ကျောင်းတိုက်၌ ဇွန် ၁၁ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်နှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းခိုင်ဖြိုးတို့က အခမ်းအနားတက်ရောက်လာသူများအား ပျိုးပင် ၃၅၀ ပေးအပ်ပြီး စုပေါင်းစိုက်ပျိုးစဉ်။ မြို့နယ် (ပြန်ဆက်)



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး တက်ရောက်သည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်း နိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေး ရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူ များက ရင်းရင်းနှီးနှီး ကြိုဆို နှုတ်ဆက်ကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်သီချင်း နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်း အနားကို စတင်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှား ဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov က နှုတ်ခွန်းဆက်စကား ပြောကြား သည်။ ဆက်လက်၍ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှု အဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက် ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ မြန်မာနိုင်ငံ ဆိုင်ရာ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov တို့က ရုရှားဖက်ဒရေးရှင်း နိုင်ငံ၏ အမျိုးသားနေ့အထိမ်း အမှတ်ကိတ်ကို လှီးဖြတ်ပေး ကြပြီး ညှော်ခံပွဲအခမ်းအနား သို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။**(အောက်ပုံ)**






ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံခဲ့သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဇွန် ၁၁**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် ရုရှားဖက် ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ ၌ ကျင်းပသည့် (၂၇) ကြိမ် မြောက် နိုင်ငံတကာစီးပွားရေး ဖိုရမ်တက်ရောက်နေစဉ်အတွင်း ဇွန် ၇ ရက် နံနက်ပိုင်းက ကျင်းပ သည့် ကျန်းမာရေးနှင့် လူနေမှု ဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက် ဆွေးနွေးသည်။ **(ယာပုံ)**





အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာ ရေးဆိုင်ရာ စီးပွားရေးဘာသာရပ် ၏ အရေးပါမှု၊ ကျန်းမာရေးကဏ္ဍ အတွက် စွမ်းအားအရင်းအမြစ်များ ခွဲဝေချထားခြင်း၏ အရေးကြီးမှု၊ ကျန်းမာရေးမူဝါဒများနှင့် ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ ကုန်ကျစရိတ်နှင့် အကျိုးရလဒ် အား ဆန်းစစ်သုံးသပ်နိုင်မှု၊ နည်းပညာအသုံးပြု၍ ကျန်းမာ ရေးနှင့် လူမှုဘဝအရည်အသွေး မြှင့်တင်ရေးကိစ္စရပ်များ၊ ပြောင်းလဲ လျက်ရှိသော စီးပွားရေးကဏ္ဍနှင့် အတူ ကျန်းမာရေးစောင့် ရှောက်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ ခြင်းဆိုင်ရာ ကောင်းမွန်ထိရောက် သော အလေ့အကျင့်ကောင်းများ၊ ပြည်သူလူထု၏ ကျန်းမာရေး တိုးတက်ကောင်းမွန်ရန် ကာကွယ် ဆေးထိုးနှံခြင်း၊ ကျန်းမာရေးအသိ ပညာပေးခြင်း၊ ကျန်းမာသော လူနေမှုဘဝရရှိစေခြင်း အစရှိ သည့်လုပ်ငန်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ပါဝင်ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စု ဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေး ရှင်းနိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. Mikhail Murashko နှင့် နိုင်ငံ တကာမှ ပညာရှင် ကိုးဦးတို့က Speaker များအဖြစ် တက်ရောက် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်း နိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. Mikhail Murashko နှင့် ကိုယ်စား လှယ်အဖွဲ့အား Conference Hall G 1.24 ခန်းမ၌ တွေ့ဆုံပြီး မြန်မာ-ရုရှား နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မူဘောင် ရေးဆွဲနိုင်ရေးကိစ္စရပ်များ၊ မိခင် နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှု၊ အရေးပေါ်ကျန်းမာ ရေးစောင့်ရှောက်မှုများ အပါအဝင် နှစ်နိုင်ငံ ဆေးဘက်ဆိုင်ရာ သင်ကြားရေး ပူးပေါင်းဆောင်ရွက် နိုင်မည့်ကိစ္စရပ်များ၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံမှ ထုတ်လုပ် သည့် ကင်ဆာရောဂါကုသမှုနှင့် အခြားရောဂါများ ကုသမှုဆိုင်ရာ ခေတ်မီဆေးဝါးများနှင့် ဆေးဘက် ဆိုင်ရာပစ္စည်းများ တင်သွင်း၊ ဖြန့်ချိ၊ ထုတ်လုပ်နိုင်ရေးကိစ္စရပ် များ၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ရေးနှင့် ကင်ဆာ ရောဂါကုသမှု ပူးပေါင်းဆောင်ရွက် နိုင်ရေးကိစ္စရပ်များ၊ ဆေးဘက် ဆိုင်ရာပညာရှင်များ အပြန်အလှန် အတွေ့အကြုံ ဖလှယ်ရေးနှင့် ဆေးဘက်ဆိုင်ရာ ညီလာခံ၊ သင်တန်းများ၊ အစည်းအဝေးများ သို့ ဖိတ်ကြားနိုင်ရေးကိစ္စရပ်များ ကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြ ပြီး အမှတ်တရလက်ဆောင်ပစ္စည်း များ အပြန်အလှန် ပေးအပ်ကြ သည်။

ဇွန် ၈ ရက် မနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် စိန့်ပီတာစဘတ်မြို့ Napa-lkov Cancer Center သို့ ရောက်ရှိ ၍ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့၊ Napalkov Cancer Center မှ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံ ကင်ဆာရောဂါ ဆေးကုသမှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း များကို ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆေးဘက် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အရ မြန်မာနိုင်ငံမှ ရောက်ရှိနေ သည့် ကင်ဆာလူနာ မောင်စိုးမင်း သန့်ကို သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေနှင့် အစားအသောက် များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် Federal State Budgetary Institute Granov Russian Scientific Center of Radiology and Surgical Tech-nologies နှင့် Federal State Budgetary Institute Nikiforov Russian Center for Emergency and Radiation Medicine သို့ သွားရောက်ကြည့်ရှု လေ့လာရာ တာဝန်ရှိသူများက အဏုမြူ ရောင်ခြည်ဖြင့် ခေတ်မီကင်ဆာ ရောဂါ ဆေးကုသမှုလုပ်ငန်း ဆောင်ရွက်နေမှု၊ ဓာတ်ရောင်ခြည် စက်ကိရိယာအသုံးပြုမှု၊ အဏုမြူ ရောင်ခြည် ဆေးဝါးထုတ်လုပ်မှု၊ ဓာတ်ရောင်ခြည်ဘေးသင့်လူနာ များ အရေးပေါ်ဆေးကုသမှု လုပ်ငန်းများနှင့် ပြန်လည်သန်စွမ်း ရေးဆေးပညာရပ်ဆိုင်ရာလုပ်ငန်း များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူ များက လိုက်လံရှင်းလင်းပြသကြ သည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်း နိုင်ငံ Polysan နှင့် Pharmasyntez ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်း များသို့ သွားရောက်၍ ရုရှား ဖက်ဒရေးရှင်းနိုင်ငံမှ ထုတ်လုပ် သည့် ကင်ဆာရောဂါ ကုသမှု ဆေးဝါးများ၊ အခြားခေတ်မီအရည် အသွေးပြည့်ဝသော ဆေးဝါးများ မြန်မာနိုင်ငံသို့ တင်သွင်း၊ ဖြန့်ချိ၊ ထုတ်လုပ်နိုင်ရေး နိုင်ငံပိုင်နှင့် ပုဂ္ဂလိက ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများနှင့် ပူးပေါင်းဆောင် ရွက်နိုင်ရေးကိစ္စရပ်များကိုဆွေးနွေး လေ့လာခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# “ပြဿနာရဲ့အရင်းအမြစ်နဲ့ အဓိကအဟန့်အတားက ဘာလဲ” ဆိုသည်ကို ထင်ဟပ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဟောင်း၏ ပြောဆိုချက်

မိုးမြင့်

မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဖြေရှင်းရခက်နေတဲ့ အရှုပ်အထွေးတစ်ခုအပေါ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က အပြုသဘောဆောင်တဲ့ မှတ်ချက်တွေကြောင့် အမှန်အတိုင်း ရှိနေတဲ့ ပကတိအခြေအနေမှန်တစ်ခုကို ကမ္ဘာ့ပြည်သူတွေ သိခွင့်၊ မြင်ခွင့်ရခဲ့ပါပြီ။ မြန်မာ့သမိုင်းမှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ လူမျိုးတစ်ခုရဲ့ အရေးအရာဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရေးသမိုင်းမှာ အမြဲတမ်းကစားနေကျ နိုင်ငံရေးခွင်တစ်ခုအဖြစ် အမြဲအသုံးချခံခဲ့ရပါတယ်။ အထူးသဖြင့် BNP လို့ခေါ်တဲ့ ဘင်္ဂလားဒေ့ရှ် အတိုက်အခံပါတီဟာ မြန်မာလူမျိုးတွေ လက်မခံတဲ့ ရိုဟင်ဂျာအမည်ကို အမြဲသုံးပြီး ပြောင်ပြောင်တင်းတင်း နိုင်ငံရေးလုပ်စားခဲ့ကြဖူးပါတယ်။ ယခု လက်ရှိအာဏာရ ရှိတ်ဟာစီနာ ခေါင်းဆောင်တဲ့ အဝါမီလိဂ်ပါတီကတော့ BNP နဲ့စာရင် ဆန့်ကျင်ဘက်အပြုသဘောဆန်တဲ့ဘက်မှာ ရပ်တည်လာနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

### ယခင်နိုင်ငံခြားရေးဝန်ကြီး လက်ရှိလွှတ်တော်ကော်မတီဥက္ကဋ္ဌ၏ အမြင်

ဆိုရရင် နှစ်နိုင်ငံအကြား အချေအတင်ဖြစ်နေရတဲ့ ဘင်္ဂါလီအရေးမှာ ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းက ဒုက္ခသည်တွေကို မြန်မာနိုင်ငံဘက်သို့ ပြန်ခေါ်ရေးဟာ ယခင်ကတည်းက နှစ်နိုင်ငံအကြား သဘောတူညီထားပြီး ကိစ္စရပ်ဖြစ်ပါတယ်။ ဒုက္ခသည်တွေ နေရပ်ပြန်ခေါ်ရေးမှာ မြန်မာနိုင်ငံအစိုးရဘက်က စိတ်အားထက်သန်မှု အမှတ်လက္ခဏာတွေကို အကြိမ်ကြိမ် ပြသခဲ့ပြီးလည်း ဖြစ်ပါတယ်။ အကောင်အထည် မပေါ်နိုင်သေးတဲ့ အချက်တွေရှိရာမှာ ဘယ်လိုအချက်တွေကြောင့်လဲဆိုတာ ယခုဘင်္ဂလားဒေ့ရှ်ဘက်က ထုတ်ဖော်ပြောဆိုလာပြီ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာခဲ့သူတွေကို မြန်မာနိုင်ငံက ပြန်လည်လက်ခံရေးကိစ္စနဲ့စပ်လျဉ်းပြီး အခြေအနေမှန်ကို ပြောကြားခဲ့သူက ယခင်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အေကေ အဗ္ဗဒူမိုမန် (Mr.A K Abdul Moman) ဖြစ်ပါတယ်။ သူဟာလက်ရှိမှာဘင်္ဂလားဒေ့ရှ်လွှတ်တော် နိုင်ငံခြားရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေပြီး ဘင်္ဂလားဒေ့ရှ်သတင်းဌာနတစ်ခုဖြစ်တဲ့ Daily Jugantor နဲ့ တွေ့ဆုံရာမှာ ယခုလို ဖြေကြားပြောဆိုခဲ့တာပဲဖြစ်ပါတယ်။

သူတို့ဘက်ကတော့ ထုံးစံအတိုင်း ဘင်္ဂါလီကို ရိုဟင်ဂျာအသုံးအနှုန်းပဲ သုံးစွဲပါတယ်။ ကျွန်တော်တို့ဘက်ကတော့ မြန်မာတိုင်းရင်းသား ၁၃၅ မျိုးထဲမှာမပါတဲ့အတွက် ဘင်္ဂါလီလူမျိုးကို ဘင်္ဂါလီလို့ပဲ သုံးနှုန်းပါရစေ။ ကော်မတီဥက္ကဋ္ဌအနေနဲ့က ဒုက္ခသည်တွေ နေရပ်မပြန်ရခြင်း

**■ လက်ရှိသူတို့နိုင်ငံက ဒုက္ခသည်တွေအရေး ယခုလို ကြန့်ကြာနေရတာဟာ UNHCR လို နိုင်ငံတကာအဖွဲ့တွေရဲ့ လက်ချက်ဖြစ်ကြောင်း၊ စီးပွားရေးအရ အသုံးချနေကြခြင်းဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းတင်မက ကမ္ဘာတစ်ဝန်းက ဒုက္ခသည်စခန်းအားလုံးမှာလည်း စီးပွားရေးအရ ဒီလိုလုပ်ကွက်တွေရှိနေတာ အစဉ်အလာတစ်ခုဖြစ်ကြောင်း အတိအလင်းထောက်ပြခဲ့တာ တွေ့ရပါတယ်။ ဒုက္ခသည်တွေမရှိရင် ဒီအဖွဲ့တွေအနေနဲ့ အလုပ်လက်မဲ့ ဖြစ်သွားမယ့်အရေး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ယခင်နိုင်ငံခြားရေးဝန်ကြီးက မှတ်ချက်ပြုသွားခဲ့ပြီဆိုတော့ အခြေအနေမှန်ကို နားလည်လက်ခံလာတဲ့သဘောလို့ ယူဆရပါမယ်**

အကြောင်းကို သူ့နိုင်ငံအတွင်းမှာ အမြစ်တွယ်လိုက်စားနေတဲ့ နာတာရှည်ကင်ဆာဆဲလ်များအဖြစ် တင်စားသွားခဲ့ပါတယ်။ ဒုက္ခသည်တွေကို မြန်မာနိုင်ငံက ပြန်ခေါ်ဖို့ အစီအစဉ်ရှိကြောင်းကို သူ့အနေနဲ့ အသိအမှတ်ပြုသွားခဲ့ပါပြီ။ အဓိကအဟန့်အတားနဲ့ လက်သည်တရားခံက ကုလသမဂ္ဂမဟာမင်းကြီးရုံး (UNHCR)၊ နိုင်ငံအချို့နဲ့ မီဒီယာများ၊ နိုင်ငံအချို့လို့ဆိုရာမှာ အဓိကက အမေရိကန်ဖြစ်ကြောင်း ထောက်ပြသွားပါတယ်။

### အဓိကလက်သည်တရားခံများဟု ဘာကြောင့်ဆိုရပါသလဲ

ဘင်္ဂလားဒေ့ရှ်လွှတ်တော် ကော်မတီဥက္ကဋ္ဌရဲ့ဖြေကြားချက်အရ UNHCR ၊ အမေရိကန်နဲ့ အပေါင်းပါမီဒီယာတွေဟာ ဒုက္ခသည်တွေကို မြန်မာနိုင်ငံသို့မပြန်ကြဘဲ လက်ရှိဒုက္ခသည်စခန်းတွေမှာပဲ နေထိုင်ကြဖို့ လိုအပ်တဲ့စားနပ်ရိက္ခာတွေကိုလည်း ထောက်ပံ့ပေးမှာဖြစ်တဲ့အကြောင်း စည်းရုံးပြောဆိုနေခဲ့တယ်လို့ သိရပါတယ်။ ယခင် ၁၉၉၀ ပြည့်နှစ်များမှာ မြန်မာနိုင်ငံဘက်က ဒုက္ခသည်တွေကို အောင်အောင်မြင်မြင် ပြန်လည်ခေါ်ဆောင်ခဲ့တဲ့သမိုင်းကြောင်း ရှိခဲ့ကြောင်းကိုလည်း အသိအမှတ်ပြု ပြောကြားခဲ့တဲ့အပြင် ဒီအချက်ဟာ အဲဒီကာလက အရေးအတွက် နည်းပါးလှတဲ့ မီဒီယာတွေကြောင့် အခြေအနေမှန်ကို အမှန်အတိုင်းသိခွင့်ရခဲ့ခြင်းဖြစ်ပြီး ယခုအချိန်မှာတော့ မှိုလိုပေါက်လာတဲ့ မီဒီယာတွေကြောင့်ဖြစ်ပြီး ဒုက္ခသည်တွေ နေရပ်မပြန်ကြဖို့သာ အလေးပေးဖော်ပြကြတဲ့၊ မရိုးသားလိမ်လည်လှည့်ဖျားတဲ့ မီဒီယာတွေကြောင့်ဆိုတဲ့ အခြေအနေမှန်ကို ယခုလို ဖော်ထုတ်ပြောဆိုခဲ့ခြင်းဖြင့် အနာဂတ်မှာ ဒုက္ခသည်တွေအရေးဟာ အားရစရာ တိုးတက်မှုများ ရှိလာမှာဖြစ်ကြောင်း သုံးသပ်နိုင်မှာဖြစ်ပါတယ်။

လက်ရှိသူတို့နိုင်ငံက ဒုက္ခသည်တွေအရေး ယခုလိုကြန့်ကြာနေရတာဟာ UNHCR လို နိုင်ငံတကာအဖွဲ့တွေရဲ့ လက်ချက်ဖြစ်ကြောင်း၊ စီးပွားရေးအရ အသုံးချနေကြခြင်း ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းတင်မက ကမ္ဘာတစ်ဝန်းက ဒုက္ခသည်စခန်းအားလုံးမှာလည်း စီးပွားရေးအရ ဒီလိုလုပ်ကွက်တွေရှိနေတာ အစဉ်အလာတစ်ခုဖြစ်ကြောင်း အတိအလင်းထောက်ပြခဲ့တာတွေ့ရပါတယ်။ ဒုက္ခသည်တွေမရှိရင် ဒီအဖွဲ့တွေအနေနဲ့ အလုပ်လက်မဲ့ ဖြစ်သွားမယ့်အရေး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ယခင်နိုင်ငံခြားရေးဝန်ကြီးက မှတ်ချက်ပြုသွားခဲ့ပြီဆိုတော့ အခြေအနေမှန်ကို နားလည်လက်ခံလာတဲ့ သဘောလို့ ယူဆရပါမယ်။

ဒုက္ခသည်တွေအနေနဲ့ မြန်မာနိုင်ငံကိုပြန်ဖို့ အခြေအနေကောင်းတွေ မရှိသေးကြောင်း၊ ပြန်လည်နေရာချထားရေးအတွက် အစီအစဉ်ကောင်းတွေလည်း မရှိသေးကြောင်း စသည်ဖြင့် ထိုအဖွဲ့အစည်းတွေရဲ့ ဝါဒဖြန့်မှုတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ယခင်နိုင်ငံခြားရေးဝန်ကြီးက ပြန်လည်အသိပေးပြောကြားခဲ့ပါတယ်။ ၎င်းရဲ့ပြောကြားချက်တွေထဲမှာ ဒုက္ခသည်တွေနေဖို့ အဲဒီဒေသမှာ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့က နေအိမ်တွေ ကောင်းကောင်းဆောက်ပေးထားတဲ့ အချက်ကို ဘင်္ဂလားဒေ့ရှ်ရော အမေရိကန်ကပါ အသိအမှတ်ပြုပါတယ်။ ဒါပေမယ့် ဒုက္ခသည်တွေကို မြန်မာနိုင်ငံဘက် မပြန်ခိုင်းဘဲ အမေရိကန်နိုင်ငံကို ခေါ်ယူမယ်ဆိုပြီး မက်လုံးပေးကြပြန်တယ်လို့ ဥက္ကဋ္ဌကပြောပါတယ်။ ဒါကြောင့် နှစ်နိုင်ငံအကြား ဒုက္ခသည်အရေးကို နှစ်နိုင်ငံချင်းသာ ညှိနှိုင်းဖြေရှင်းသင့်တယ်လို့ ဥက္ကဋ္ဌဘက်က ပိုယုံကြည်သွားပါတယ်။ အခြား တတိယနိုင်ငံ၊ တတိယအဖွဲ့အစည်း ဘယ်လို Third party မျိုးကိုမှ မလိုအပ်ဘဲ ထိုအဖွဲ့အစည်းနဲ့ နိုင်ငံတွေအပေါ် ယုံကြည်မှုကင်းမဲ့သွားတဲ့သဘောကို ယခုလို ပြောဆိုလိုက်ခြင်းအားဖြင့် နှစ်နိုင်ငံနဲ့ပဲဆိုင်တဲ့ နှစ်နိုင်ငံကြား ပြဿနာဖြစ်ကြောင်းကို ပိုပြီးအလေးအနက်ထားလာခြင်းဖြစ်တယ်လို့ သုံးသပ်မိပါတယ်။

> **“ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲမှာ ရောက်နေတဲ့ ဒုက္ခသည်တွေဟာ သူတို့နေရပ် သူတို့ပြန်ချင်ကြတယ်။ ဒါပေမယ့် သူတို့ကို ပြန်ခွင့်မပေးတာက ဒီစခန်းမှာ အဓိကတာဝန်ယူလုပ်ကိုင်နေကြတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အမေရိကန်တို့ပဲဆိုတာ ကော်မတီဥက္ကဋ္ဌက ပြောသွားပါတယ်။ ဒုက္ခသည်စခန်းတစ်ခုဆိုတာ နိုင်ငံတကာအလှူငွေကို လက်ခံရရှိစမြဲပါ၊ ဘယ်လောက်ပမာဏနဲ့ ဘယ်လိုရရှိနေသလဲ၊ ထိုစခန်းတွေက နိုင်ငံတကာအဖွဲ့အစည်းတွေက လက်ခံရရှိတဲ့ အလှူငွေတွေကို ဘယ်လိုသုံးစွဲနေကြသလဲ၊ အသေအချာမသိရပါဘူးတဲ့၊ ဒီလို မသိရတဲ့အတွက် သူတို့အစိုးရအနေနဲ့ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေရကြောင်းနဲ့ စခန်းတွေကို ပိတ်သိမ်းသင့်ကြောင်း ပြောကြားသွားပါတယ်”**

### ဒုက္ခသည်စခန်းရဲ့အနိဋ္ဌာရုံတွေမှာ ဘယ်သူတွေတာဝန်ရှိသလဲ ပြောပြီ

ဘင်္ဂလားဒေ့ရှ်လွှတ်တော်ကော်မတီဥက္ကဋ္ဌရဲ့ နောက်ထပ်ပြောကြားချက်တွေ ရှိပါသေးတယ်။ ဒုက္ခသည် သိန်းဂဏန်းရှိတဲ့ ကော့ဘဇားဒုက္ခသည်စခန်းအကြောင်းပါ။ အနည်းငယ် ပြန်ကောက်ရရင် ထိုစခန်းတွေမှာ အနိဋ္ဌာရုံတွေများလှပါတယ်၊ မကြာခဏမီးရှို့ခံရတယ်၊ ရာဇဝတ်ဂိုဏ်းပေါင်းစုံတွေ အကြားအပြန်အလှန်ပစ်ခတ်မှုတွေနဲ့ ဘင်္ဂါလီခေါင်းဆောင်တွေ လုပ်ကြံသတ်ဖြတ်ခံရမှုတွေရှိတယ်။ လုပ်ကြံခံရသူတွေဟာ မြန်မာဘက်ပြန်လိုတဲ့ ဘင်္ဂါလီတွေဖြစ်ပြီး လုပ်ကြံမှုတွေဟာ အာဆာအဖွဲ့နဲ့ ပတ်သက်မှုရှိတယ်လို့လည်း သိရပြန်တယ်။ ဒ့ါအပြင် စိတ်ကြွမှူးယစ်ဆေးဖမ်းမိတဲ့သတင်းတွေကိုလည်း မကြာခဏကြားသိနေရတယ်။ ဒုက္ခသည်တွေဟာ တဲအိမ်တွေနဲ့ အစုလိုက်အပြုံလိုက်နေရတာဖြစ်တယ်။ သဘာဝဘေးဒဏ်၊ လူလုပ်ဘေးဒဏ်များ ခံစားရသလို ဘေးကင်းလုံခြုံမှုမရှိ ဂုဏ်သိက္ခာမဲ့စွာ နေရတယ်လို့ ဒုက္ခသည်တွေက ညည်းညူကြပါတယ်။

**ဒါကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲမှာ ရောက်နေတဲ့ ဒုက္ခသည်တွေဟာ သူတို့နေရပ် သူတို့ပြန်ချင်ကြတယ်။ ဒါပေမယ့် သူတို့ကို ပြန်ခွင့်မပေးတာက ဒီစခန်းမှာ အဓိကတာဝန်ယူ လုပ်ကိုင်နေကြတဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ အမေရိကန်တို့ပဲဆိုတာ ကော်မတီဥက္ကဋ္ဌက ပြောသွားပါတယ်။ ဒုက္ခသည်စခန်းတစ်ခုဆိုတာ နိုင်ငံတကာအလှူငွေကို လက်ခံရရှိစမြဲပါ၊ ဘယ်လောက်ပမာဏနဲ့ ဘယ်လိုရရှိနေသလဲ၊ ထိုစခန်းတွေက နိုင်ငံတကာအဖွဲ့အစည်းတွေက လက်ခံရရှိတဲ့ အလှူငွေတွေကို ဘယ်လိုသုံးစွဲနေကြသလဲ၊ အသေအချာမသိရပါဘူးတဲ့၊ ဒီလို မသိရတဲ့အတွက် သူတို့အစိုးရအနေနဲ့ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေရကြောင်းနဲ့ စခန်းတွေကို ပိတ်သိမ်းသင့်ကြောင်း ပြောကြားသွားပါတယ်။**

ဒီလိုဖြစ်နေတာဟာ INGO အဖွဲ့တွေနဲ့ UNHCR လိုအဖွဲ့တွေ၊ အမေရိကန်လိုနိုင်ငံတွေမှာပဲ တာဝန်ရှိတဲ့သဘောကို ဆိုလိုဟန်ရှိပါတယ်။ တစ်ချိန်တစ်ခါတုန်းကတော့ ဘင်္ဂလားဒေ့ရှ်အပါအဝင် အနောက်အုပ်စုဟာ မြန်မာနိုင်ငံဘက်က ယခုလိုပြင်ဆင်ထားရှိမှု အခြေအနေတွေကို အနှစ်မပါတဲ့လုပ်ရပ်အဖြစ် စွပ်စွဲခဲ့ကြဖူးကြောင်း ဒီနေရာမှာ ကြုံတုန်းထောက်ပြလိုပါတယ်။

ဘင်္ဂလားဒေ့ရှ်က လက်ရှိနေထိုင်နေရတဲ့ ဒုက္ခသည်စခန်းတွေနဲ့ ဆန့်ကျင်ဘက် မြန်မာနိုင်ငံဘက်မှာတော့

*စာမျက်နှာ ၁၁ သို့*

# ထားဝယ်ခရိုင်မှ ကော်ဖီစိုက်တောင်သူများအား မျိုးစေ့ချကိရိယာများနှင့် ကော်ဖီပျိုးပင်များ ထောက်ပံ့

ထားဝယ် ဇွန် ၁၁

**တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ထားဝယ်ခရိုင်အတွင်းမြို့နယ်များရှိ ကော်ဖီစိုက်တောင်သူများအား ကော်ဖီပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၀ ရက်က ထားဝယ်မြို့ အမှတ်(၄) အခြေခံပညာနှင့် စိုက်ပျိုးမွေးမြူရေး တွဲဖက်အထက်တန်းကျောင်း၌ ကျင်းပသည်။**

ထောက်ပံ့ပေးအပ်ရာတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းစိုးက တိုင်းဒေသကြီးအတွင်း ကော်ဖီပျိုးပင် ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တောင်သူများအား တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဝယ်ယူသော မျိုးစေ့ချကိရိယာများနှင့် ကော်ဖီပျိုးပင်များ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ကော်ဖီပျိုးပင်များကို တောင်သူများအား ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကော်ဖီပျိုးခင်း ပျိုးထောင်ထားရှိမှု၊ လယ်ယာမြေ အသစ် ဖော်ထုတ်ထားရှိမှု၊ School Garden ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

တနင်္သာရီတိုင်းဒေသကြီးသည် နှစ်ရှည်ပင်များ၊ ဥယျာဉ်ခြံများ အဓိကစိုက်ပျိုးသော ဒေသဖြစ်သဖြင့် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသော ကော်ဖီသီးနှံကိုလည်း နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ဒေသခံတောင်သူများ၏ စိတ်ဝင်စားမှု များလာခြင်းကြောင့် ဒေသနှင့်ကိုက်ညီသော ကော်ဖီမျိုးကောင်းမျိုးသန့်များ ပိုမိုတိုးချဲ့စိုက်ပျိုးလာစေရန်နှင့် မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မျိုးကောင်းမျိုးသန့် ကော်ဖီတိုးချဲ့စိုက်ပျိုးလာစေရန်၊ တောင်သူများ ဝင်ငွေတိုးလာစေရေးနှင့် လူနေမှုဘဝမြင့်မားလာစေရန်၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်၊ နှစ်ရှည်သီးနှံရော်ဘာ၊ ကွမ်းသီး၊ သီဟိုဠ်ပင်တန်းကြားတွင် ကော်ဖီပင် ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေတစ်ယူနစ် အသုံးချမှုတိုးတက်လာစေရန်၊ မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကော်ဖီတိုးချဲ့ စိုက်ပျိုးရခြင်းဖြစ်သည်။



ယခုနှစ်တွင် မိုးရာသီဇွန်လမှ ဩဂုတ်လအတွင်း ကော်ဖီပျိုးပင်များကို စိုက်ပျိုးမည့်တောင်သူများသို့ အခမဲ့ဖြန့်ဖြူးပေး၍ စိုက်ပျိုးသွားမည်ဖြစ်ပြီး စိုက်ပျိုးရာသီမတိုင်မီ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက ကော်ဖီစိုက်ပျိုးထိန်းသိမ်းခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း သင်တန်းများကို ပို့ချသွားရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ခရမ်းမြို့၌ သီးနှံ့အာမခံဆောင်ရွက်နိုင်ရေး တောင်သူများအား အသိပညာပေး

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့၌ ရာသီဥတုအညွှန်းကိန်း သီးနှံ အာမခံလုပ်ငန်းနှင့် ပတ်သက်၍ ကျေးရွာ အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် တောင်သူများသို့ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၉ ရက်က ခရမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဆွေးနွေးပွဲတွင် ခရမ်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ရဲက အမှာစကား ပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း (ရန်ကုန်တောင်ပိုင်းခရိုင်ရုံး)တာဝန်ခံ ဒေါ်စံပယ်ခင်က ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံ့အာမခံလုပ်ငန်း ရည်ရွယ်ချက်၊ အာမခံထားရှိခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ သီးနှံ့အာမခံလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ မြို့နယ်မန်နေဂျာ ဦးဝင်းဇော်က စိုက်ပျိုးစရိတ်ချေးငွေနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အဆိုပါ ဆွေးနွေးပွဲသို့ ခရမ်းမြို့နယ်မှ ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့သည်။**မျိုးမင်းသူရ**

## ကွမ်းသီးများကို ကော့သောင်းမှတစ်ဆင့် ထိုင်းနိုင်ငံ ရနောင်းဘက်သို့ တင်ပို့လျက်ရှိ

**ရန်ကုန် ဇွန် ၁၁**

မြန်မာနိုင်ငံဘက်မှ ကွမ်းသီးများကို ကော့သောင်းမှတစ်ဆင့် ထိုင်းနိုင်ငံ ရနောင်းသို့ တင်ပို့မှုရှိနေကြောင်း မြိတ်မြို့နယ်ရှိ ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းများမှ သိရသည်။

လက်ရှိအနေအထားတွင် ဘုတ်ပြင်းမြို့ဘက်မှ ထွက်သော ကွမ်းသီးများကိုလည်း ကော့သောင်းမှတစ်ဆင့် ထိုင်းနိုင်ငံဘက် တင်ပို့နေသည်။

“ကော့သောင်း–ရနောင်း လမ်းကြောင်းအခြေအနေကတော့ လက်ရှိမှာ ဘုတ်ပြင်းဘက်က ကွမ်းသီးတော်တော်များများ ကော့သောင်းကနေ ပြန်ဆင်းနေတယ်။ ကွမ်းသီးက ခါတိုင်းဆို ဒီကနေ ရန်ကုန်၊ ရန်ကုန်ကနေမှတစ်ခါ အိတ်စ်ပို့ ပို့တယ်။ ဒီနှစ်တော့ ကော့သောင်းကနေ ရနောင်းကို ထွက်တယ်”ဟု မြိတ်မြို့နယ်ရှိ ကွမ်းသီးကုန်သည်တစ်ဦးက ရှင်းပြသည်။

လက်ရှိတွင် ကော့သောင်း – ရနောင်း လမ်းကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများကို တင်ပို့နေပြီး ထိုင်းနိုင်ငံဘက်မှ လူသုံးကုန် ပစ္စည်းများနှင့် စားသောက်ကုန်များကို ပြန်လည်တင်သွင်းနေကြောင်းလည်း သိရသည်။

"ရေထွက်ပစ္စည်း အဓိက အများဆုံးပို့တာက ထိုင်းကိုပါ။ သူတို့က အစားများတယ်။ နောက် လှေတွေ ဘာတွေမှာသုံးတဲ့ ပစ္စည်းတွေ၊ လူသုံးကုန် ပစ္စည်းတွေလည်း ထိုင်းဘက်က ဝင်တာပါ။ စားသောက်ကုန်တွေလည်း ဒီလမ်းကြောင်းကနေ ဝင်တာရှိပါတယ်”ဟု ကော့သောင်းမြို့နယ်ရှိ ရေထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

**သစ်တော်**

*စာမျက်နှာ ၁၀ မှ*

ယခင်ကတည်းကပင် ပြန်လည်လက်ခံရေးစခန်းတွေကို အဆင်သင့် နေထိုင်နိုင်အောင် ဆောက်လုပ်ပေးထားပြီးဖြစ်တယ်ဆိုတာ ပြန်အမှတ်ရဖို့ လိုပါတယ်။ တောင်ပြိုလက်ဝဲ၊ ငါးခူရစခန်းနဲ့ လှဖိုးခေါင်ကြားစခန်းတွေဟာ ပြန်လာမယ့်သူတွေအတွက် ကောင်းမွန်တဲ့ပတ်ဝန်းကျင်တွေ ဖြစ်ခဲ့ပါတယ်။ ကုန်းလမ်းကလာလာ၊ ရေလမ်းကလာလာ နေဖို့ရွာတွေ အသင့်ပြင်ထားပေးခဲ့တယ်။ ပြင်ဆင်ထားရှိမှုအခြေအနေကို ဒုက္ခသည်တွေနဲ့ ဘင်္ဂလားဒေ့ရှ် တာဝန်ရှိသူတွေကိုယ်တိုင် လာရောက်လေ့လာဖူးပါတယ်။ ဒုက္ခသည် ၃၄၅၀ ပြန်လာဖို့ ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း သဘောတူညီမှုတစ်ခု ရပြီးခဲ့တာတောင် သူတို့ပြန်မလာခဲ့ကြပါဘူး။ တင်ပြခဲ့သလို အဟန့်အတားတွေကြောင့်ပဲဖြစ်ပါတယ်။ မိမိဘက်က ဘယ်လိုပဲ ပြင်ဆင်ထားရှိစေကာမူ ပြန်လည်လက်ခံရေးဟာ တစ်ဖက်က ပြန်ပို့နိုင်မယ့် အခြေအနေအပေါ် မူတည်ခဲ့ကြောင်း ယခင်ထားရှိခဲ့တဲ့ မြန်မာနိုင်ငံရဲ့ သဘောထားကို ယနေ့မှာတော့ ပြန်လည်လက်ခံပြီလို့ပဲ ယူဆရမှာဖြစ်ပါတယ်။

**ပြည်ပပယောဂအစုံနဲ့ထိုးကျွေးခံဘဝတွေအကြောင်း ပြောနေပြီ**

သမိုင်းကြောင်းကို ပြန်ကြည့်ရင် ဘင်္ဂါလီတွေမှာ အကွဲကွဲအပြားပြား ဖြစ်နေတဲ့ သဘောရှိတယ်။ ရိုးရိုးသားသား ဒုက္ခသည်တွေရှိကြသလို ARU အပါအဝင် အဖွဲ့အစည်းအသီးသီးရဲ့ အရိပ်အောက်မှာ ထိုးကျွေးခံဘဝတွေအဖြစ်နဲ့ ရပ်တည်နေကြရတယ်။ နိုင်ငံရပ်ခြားပယောဂ အပြည့်ပါတဲ့အထဲမှာ OIC က ပိုပြီး ထင်ရှားတယ်။ US နဲ့ EU လည်းပါသလို ICJ နဲ့ HRW တို့ကလည်း ဝင်စွက်ခဲ့ကြတယ်။ ARSAလို အကြမ်းဖက်အဖွဲ့အစည်းတွေလည်း ပါတာပဲ။

ဘေးတီးတဲ့အထဲမှာ BBC၊ VOA၊ RFA၊ DVB နိုင်ငံခြားသတင်းဌာနအစုံလည်းပါတယ်။ သူတို့အားလုံးရဲ့ ကိုယ်စီရည်မှန်းချက်မှာ ဘင်္ဂါလီနိုင်ငံအိပ်မက်ထူထောင်ဖို့အထိ ရည်မှန်းထားတယ်။ ပြင်ပ ပယောဂအစုံအောက်မှာ ကပ်ဘေးသင့်တဲ့အထဲ ဘင်္ဂါလီတွေသာမက ရခိုင်လူမျိုးတွေလည်း ပါခဲ့တာကိုတော့ မျက်ကွယ်ပြုထားကြတယ်။ ဘင်္ဂါလီတွေသာမက ရခိုင်လူမျိုးတွေလည်း နေရပ်စွန့်ခွာကြရတာပါ။ မတူတာက ဘင်္ဂါလီတွေက INGO တွေရဲ့ အထောက်အပံ့နဲ့ စားရေရိက္ခာရကြတယ်။ ဘင်္ဂါလီတွေအတွက် ဒုက္ခသည်စခန်းတွေဟာ နိုင်ငံရပ်ခြား INGO တွေနဲ့ စွက်ဖက်လိုသူ ပြင်ပအင်အားစုတွေအတွက်တော့ ဆုလာဘ်ကြီးဖြစ်သလို ဘင်္ဂါလီကို ဗန်းပြပြီး ဘင်္ဂါလီတွေကို သတ်ဖြတ်တယ်၊ အဓမ္မပြုကျင့်တယ် စသဖြင့် ဇာတ်နာအောင်လုပ်တာလည်း သူတို့ပါပဲ။

ဒါကြောင့်လည်း ဒုက္ခသည်တွေဟာ နေရပ်ပြန်ဖို့ ကြောက်လန့်ခဲ့ကြတယ်။ တစ်ချိန်တည်းမှာ မြန်မာနိုင်ငံအစိုးရနဲ့ ဒုက္ခသည်တွေအကြား ဒေသခံရခိုင်လူမျိုးတွေနဲ့ ဒုက္ခသည်တွေအကြားမှာ ရန်တိုက်ပေးခဲ့တဲ့အတွက် မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်မှာ အကောင်းမမြင်၊ လူဆိုးဖြစ်အောင် ဖန်တီးပြီးသားဖြစ်သွားသလို သူတို့ရဲ့ မကောင်းတဲ့လုပ်ရပ် အမှားတွေကို ဖုံးကွယ်ပြီးသားလည်း ဖြစ်သွားပါတယ်။ လုပ်ရပ်အမှားတွေဆိုတာက စီးပွားရေးအရ ခွင်တစ်မျိုး၊ နိုင်ငံရေးအရ မြန်မာနိုင်ငံကို မတည်မငြိမ်ဖြစ်အောင်လုပ်၊ မြန်မာ့တပ်မတော်ကို သိက္ခာချ၊ Genocide နဲ့ ထောင်ချောက်ဆင်၊ ဒုက္ခသည်အရေး ဗန်းပြပြီး မြန်မာနိုင်ငံကို မတော်မတရားစွပ်စွဲ၊ အခွင့်အရေးရရင် နယ်မြေလူမျိုးအပါခွဲထွက်ပြီး နိုင်ငံထူထောင်ဖို့အထိ အစီအစဉ်တွေရှိနေတာကို ဆိုလိုတာပါ။

**အဲဒီအဖွဲ့တွေရဲ့ ဖန်တီးချက်တွေဟာ ဒေသတွင်းမတည်မငြိမ်ဖြစ်စေမှု အထူးသဖြင့် တရုတ်နိုင်ငံရဲ့အကျိုးစီးပွားထိခိုက်သည်အထိ ရည်ရွယ်ပါတယ်။ ဥက္ကဋ္ဌရဲ့ပြောကြားချက်တွေအရ အမေရိကန်ဟာ မြန်မာကို အပုပ်ချနေပြီး ဒုက္ခသည်တွေကို အမေရိကန်က စာနာပေးသယောင်လုပ်ပြနေခြင်းဟာ ကျွန်တော့်အနေနဲ့တော့ သူတို့ပြည်တွင်းနိုင်ငံရေးခွင်အတွက်သာ လုပ်စားနေခြင်းတစ်မျိုးဟု မှတ်ယူမိပါတယ်။**

နိုင်ငံခြားရေးဝန်ကြီးဟောင်းရဲ့ အမှန်တကယ် ယခုလိုဖြေကြားပြောဆိုချက်တွေဟာ ယခင်ဆက်ဆက်ကတည်းက မြန်မာနိုင်ငံဘက်က အကြိမ်ကြိမ်ဖြေကြားဖြေရှင်းခဲ့မှုတွေနဲ့ တစ်ထပ်တည်းကျနေကြောင်း သတိထားမိပါတယ်။ ယခုအချိန်မှာ ဘင်္ဂလားဒေ့ရှ်ဘက်က အခြေအနေမှန်ကို နားလည်လက်ခံလာပြီဖြစ်တဲ့အတွက် မြန်မာနိုင်ငံအစိုးရရဲ့ ဆောင်ရွက်ချက်တွေကို အသိအမှတ်ပြုလာတဲ့သဘောဆောင်တယ်လို့လည်း ယူဆပါတယ်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနဲ့ အပြုသဘောချဉ်းကပ်မှုတွေဟာ ယခုထက်ပိုပြီး အပေါင်းလက္ခဏာဆောင်လာမယ့် သဘောများရှိလာပြီလို့ မျှော်လင့်ပါတယ်။

အခြားဘယ်အဖွဲ့အစည်း၊ ဘယ်နိုင်ငံမှ မလိုပါ။ နှစ်နိုင်ငံအကြားကိစ္စရပ်ကို အိမ်နီးချင်းနိုင်ငံအချင်းချင်း ညှိနှိုင်းဖြေရှင်းခြင်းအားဖြင့် ပိုပြီးထိရောက်အောင်မြင်မှုရှိလာမယ်လို့ ခံယူထားပါတယ်။ ပြဿနာတစ်ရပ်ကို အဖြေရှာရာမှာ ညှိနှိုင်းဖြေရှင်းတဲ့နည်းလမ်းက ဖိအားပေးနည်းလမ်းနဲ့ ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ ပြဿနာရဲ့အရင်းအမြစ်က ဘာလဲဆိုတာ ယနေ့ ဘင်္ဂလားဒေ့ရှ် လွှတ်တော်ကော်မတီဥက္ကဋ္ဌရဲ့ ပြောဆိုချက်တွေမှာ ထင်ဟပ်နေပြီဖြစ်တဲ့အတွက် ထိုထောက်ပြချက်တွေကို ဘယ်လိုမှမျက်ကွယ်ပြုလို့မရပါဘူး။

အရင်းအမြစ်ကို ဖြေရှင်းနိုင်ပြီဆိုမှသာ လက်တွေ့ကျ၊ မျှတပြီး ရေရှည်တည်မြဲတဲ့ ငြိမ်းချမ်းတည်ငြိမ်မှုတစ်ခုကို မလွဲမသွေရရှိနိုင်မှာဖြစ်ပါကြောင်း ဤနေရာကနေ တင်ပြလိုက်ရပါတယ်။ ။

# မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၁၂၄၁၄ ဦးရှိ အောင်မြင်မှုရာခိုင်နှုန်းမှာ ၆၃ ဒသမ ၈၅ ရာခိုင်နှုန်းရှိကြောင်း သိရ

**မန္တလေး ဇွန် ၁၁**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မန္တလေး တိုင်းဒေသကြီး အတွင်းရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်း များ၌ ယနေ့တွင် တစ်ချိန်တည်း ထုတ်ပြန်ကြေညာခဲ့ရာ တိုင်းဒေသကြီးအတွင်း ဖြေဆိုသူ ၁၉၄၄၂ ဦး ရှိသည့်အနက် အောင်မြင်သူ ၁၂၄၁၄ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၆၃ ဒသမ ၈၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

နံနက် ၆ နာရီမှ စတင်၍ မန္တလေးမြို့ရှိ စာစစ်ဌာနဖွင့်လှစ်သော ကျောင်းများ၌ တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား ကျောင်းသူများ စိတ်အား ထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြပြီး တာဝန်ကျ ဆရာ ဆရာမများကလည်း စည်းကမ်းတကျဖြင့် စနစ်တကျ ကြည့်ရှုနိုင်စေရေး ကြီးကြပ်ဆောင်ရွက်ပေးကြသည်။



အဆိုပါ စာမေးပွဲအောင်စာရင်းထုတ်ပြန်မှုနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ချို က "ဒီနှစ်ကျွန်တော်တို့ တိုင်းဒေသကြီး အောင်ချက်အနေနဲ့ တစ်နိုင်ငံလုံး အောင်ချက်နဲ့ နှိုင်းယှဉ်ရင် တတိယအဆင့်မှာ ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီး အနေနဲ့ မြန်မာတစ်နိုင်ငံလုံး top 10 ဝင်သူ သုံးယောက်ရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေ ဖြေဆိုကြရတာလည်း သင်ရိုးသစ်ဖြစ်ပါတယ်။ သင်ရိုးသစ်ကလည်း နိုင်ငံတကာ ပညာရေးစံချိန်တွေနဲ့ ပြင်ထားတဲ့သင်ရိုး ဖြစ်ပါတယ်။ ဒီသင်ရိုး အောင်မြင်သွားရင် နိုင်ငံတကာတန်းဝင် ပညာရေးနဲ့ အောင်မြင်တယ်လို့ သတ်မှတ်လို့ရပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ တစ်နိုင်ငံလုံး အောင်ချက် တတိယအဆင့်မှာ ရရှိအောင် ပညာရေးဝန်ထမ်းအားလုံးနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေရဲ့ ဝိုင်းဝန်းကြိုးစားမှုကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ကျေနပ်အားရမှု ရှိပါတယ်" ဟု ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အဆင့်ငါးရရှိခဲ့ပြီး ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မသက်မြတ်စံက "အခုလိုထူးချွန်စွာ အောင်မြင်ဖို့အတွက် တော်တော် ကြိုးစားခဲ့ရပါတယ်။ စာတွေကိုလည်း နှစ်စကစပြီး မပြတ်လေ့လာခဲ့ရပါတယ်။ အခုလို အောင်မြင်တဲ့အတွက်လည်း ဝမ်းသာ ပျော်ရွှင်ရပါတယ်။ ခြောက်ဘာသာလောက်ပဲ ရည်မှန်းခဲ့ပေမယ့် အခုလို မြန်မာတစ်နိုင်ငံလုံးမှာ အဆင့်ငါး ရရှိတဲ့အတွက်လည်း မိသားစုအနေနဲ့ အတိုင်းမသိပျော်ရွှင်နေကြပါတယ်။ စနစ်သစ်ရဲ့ ပထမဆုံးစာမေးပွဲမှာ ထူးချွန်စွာ ဖြေဆိုနိုင်ခဲ့တဲ့အတွက် ကျေနပ်အားရ ဖြစ်မိပါတယ်။ နောက်ထပ် စာမေးပွဲဖြေမယ့် ကျောင်းသား ကျောင်းသူတွေ အနေနဲ့ စာတွေကို ကြိုးစားသင်ယူပြီး အကောင်းဆုံးဖြေဆိုနိုင်မယ်ဆိုရင် မိမိတို့ ရည်မှန်းထားတဲ့ အောင်မြင်မှုကို ရရှိမှာဖြစ်ပါတယ်"ဟု ပြောသည်။

ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မအေးဖွေးဖွေးက "ဒီလိုစာမေးပွဲ အောင်မြင်ခဲ့ဖို့ ကျောင်းစတက်ကတည်းက တစ်နေ့စာ တစ်နေ့အပြီး ပုံမှန်လေ့ကျင့်ပါတယ်။ သူငယ်ချင်းတွေနဲ့လည်း အတူတူ ကျက်မှတ်ဖြစ်ပါတယ်။ အောင်စာရင်း မထွက်ခင် တစ်ရက်အလိုလောက်ကတည်းက စိတ်တွေလှုပ်ရှားပြီး တစ်ညလုံး မအိပ်ခဲ့ရပါဘူး။ အခုငါးဘာသာ ဂုဏ်ထူးနဲ့ အောင်မြင်တယ်ဆိုတော့ဝမ်းသာမိပါတယ်။ ကျွန်မအနေနဲ့ ဆေးတက္ကသိုလ်တက်ရောက်ဖို့လည်း ရည်မှန်းထားပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း အခွင့်အရေးရတဲ့အချိန်မှာ ကြိုးစားရင် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိမယ်လို့ ပြောကြားလိုပါတယ်" ဟု ပြောသည်။

အဆိုပါ တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာန ကျောင်းများ၌ ကြည့်ရှုနိုင်မည့်အပြင် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကိုလည်း နံနက် ၆ နာရီတွင် မြန်မာ့အသံ (ရေဒီယို) တိုင်းရင်းသား အစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးခဲ့သည်။

CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသန်းက "ကျွန်မတို့ ကျောင်းအနေနဲ့ အောင်ချက်ရာခိုင်နှုန်းက ၉၉ ဒသမ ၂ ဖြစ်ပါတယ်။ နောက်ပြီး ဘာသာစုံ ဂုဏ်ထူးထွက်ရှိပြီး အမှတ်ပေါင်း ၅၅၂ မှတ်နဲ့ မြန်မာတစ်နိုင်ငံလုံးမှာ တတိယအမှတ်အများဆုံး ရရှိတဲ့ ကျောင်းသူ တစ်ယောက်လည်း မွေးထုတ်နိုင်ခဲ့ပါတယ်။ ဒီလို ထူးချွန်တဲ့ ကျောင်းသား ကျောင်းသူတွေ ထွက်ပေါ်လာဖို့အတွက် ကျောင်းသား ကျောင်းသူတွေရဲ့ ကြိုးစားမှုကြောင့်လည်း ဖြစ်သလို ဆရာ ဆရာမတွေရဲ့ အသင်အပြကောင်းမှုကြောင့်လည်း ဖြစ်ပါတယ်။ အားလုံးစုပေါင်းအားကြောင့် အောင်မြင်ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

လေးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မောင်အောင်ထွဋ်ဝင်းကလည်း "အခုလို ဂုဏ်ထူးနဲ့ အောင်မြင်တဲ့အတွက် အလွန် ပျော်ရွှင်မိပါတယ်။ ကျွန်တော့်မိဘတွေ အတွက်လည်း ကျွန်တော် တာဝန်ကျေပွန်တယ်လို့ ခံစားရပါတယ်။ မိဘတွေ ပျော်ရွှင်နေတာကြည့်ပြီး ကျွန်တော်က နှစ်ဆပျော်ရွှင်ရပါတယ်။ ကျွန်တော် အင်ဂျင်နီယာဖြစ်အောင် ကြိုးစားပြီး နိုင်ငံအတွက် သားကောင်းရတနာ အဖြစ်နဲ့ တစ်ဖက်တစ်လမ်းက တာဝန်တွေကို ထမ်းဆောင်သွားမှာပါ" ဟု ပြောသည်။



ဦးစိုးမြင့်ချို
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး
ပညာရေးမှူးရုံး

ထို့ပြင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးဇဟိုအကျဉ်းထောင် စာစစ်ဌာန၌လည်း အကျဉ်းသား ၁၅ ဦးနှင့် အကျဉ်းသူ ၂ ဦး စုစုပေါင်း ၁၇ ဦး ဝင်ရောက် ဖြေဆိုခဲ့ကြပြီး အကျဉ်းသား ၁၄ ဦးနှင့် အကျဉ်းသူ နှစ်ဦး အောင်မြင်ခဲ့ကြကာ တစ်ဘာသာ ဂုဏ်ထူးရှင် သုံးဦး ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

---

❑ *ကျော်ဖုံးမှ*

ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ စာစစ်ဌာန ဖွင့်လှစ်ထားသော ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန် ကြေညာပေးခဲ့ရာ ကျောင်းသား ကျောင်းသူများ စိတ်အား ထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြသည်။

"ကျွန်မတို့ စာစစ်ဌာနအနေနဲ့ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုသူ ၂၈၀ ရှိပြီး ၁၄၀ အောင်မြင်တဲ့အတွက် အောင်ချက်ရာခိုင်နှုန်းအားဖြင့် ၅၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းကို မနက်လေးနာရီ ကနေစပြီးတော့ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန Website ကနေ ထုတ်ပြန်ပေးခဲ့ပြီး စာစစ်ဌာနက ကျောင်းတွေမှာတော့ မနက် ၆ နာရီဆို အောင်စာရင်းတွေကို ထုတ်ပြန်ပါတယ်။ ဂုဏ်ထူးရရှိမှုအနေနဲ့ လေးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် သုံးဦးနဲ့ တစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဆယ့်ငါးဦး ဖြစ်ပါတယ်။ တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်တဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ သူတို့ရဲ့ မိဘတွေအတွက်ပါ ဂုဏ်ယူပါတယ်"ဟု အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ရီက ပြောသည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စားမေးပွဲတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်း ဖြေဆိုအောင်မြင်မှုအနေဖြင့် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့တွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၇၆ ဦး၊ ရိုးရိုးအောင်မြင်သူ ၁၀၂၆ ဦး၊ စုစုပေါင်း ၁၃၀၂ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၅၈ ဒသမ ၂၈ ရာခိုင်နှုန်း၊ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့တွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူ ၂၄၀၊ ရိုးရိုးအောင်မြင်သူ ၁၀၆၂ ဦး၊ စုစုပေါင်း ၁၃၀၂ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၅၈ ဒသမ ၅၂ ရာခိုင်နှုန်း၊ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့တွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူ ၂၃၆ ဦး၊ ရိုးရိုးအောင်မြင်သူ ၈၅၈ ဦး၊ စုစုပေါင်း ၁၀၉၄ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၅၆ ဒသမ ၇၇ ရာခိုင်နှုန်း၊ ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ပုဗ္ဗသီရိမြို့နယ်တို့တွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၈၂ ဦး၊ ရိုးရိုးအောင်မြင်သူ ၉၀၆ ဦး၊ စုစုပေါင်း ၁၀၈၈ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၅၃ ဒသမ ၂၈ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင် စာမေးပွဲ ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့သူ တစ်ဦးက "ဒီနေ့ မျှော်မှန်းထားသလို တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့တဲ့အတွက် အင်မတန်ဝမ်းသာပီတိ ဖြစ်မိပါတယ်။ ကိုယ့်ရဲ့ ကြိုးစားမှုရလဒ်အပေါ်မှာ မိဘတွေ ပျော်ရွှင်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ အခုလို အောင်မြင်မှုရရှိအောင် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြတဲ့ မိဘနှစ်ပါးနဲ့ ဆရာ ဆရာမတွေ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ စာမေးပွဲအောင်မြင်ကြတဲ့ သူငယ်ချင်းတွေအတွက်လည်း ဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ မိမိဝါသနာပါတဲ့ ဘာသာရပ်တွေကို ဆက်လက်လေ့လာသင်ယူချင်ပေမယ့် အမှတ်စာရင်းအပေါ်မှာ မူတည်ပြီးတော့ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ထို့ပြင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပပေးသည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း၌ ဝင်ရောက်ဖြေဆိုသူ သုံးဦးအနက် နှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ တစ်ဦးရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက် ၄ နာရီအချိန်မှ စတင်၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ပေးခဲ့ရာ ဝင်ရောက်ကြည့်ရှုသူ များပြားခဲ့ကြောင်း သိရသည်။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံ ရေဒီယို အစီအစဉ်မှလည်း ကြေညာပေးခဲ့ပြီး အောင်စာရင်းနှင့် ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး Mrs. Ponnamperuma Arachahige Prabashini Ponnamperuma အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**



တွေ့ဆုံစဉ် မြန်မာ – သီရိလင်္ကာ နှစ်နိုင်ငံ၏ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ တူညီသည်နှင့်အမျှ နှစ်နိုင်ငံ ပြည်သူအချင်းချင်း အပြန်အလှန် ကူးသန်းသွားလာနိုင်ရေး၊ နှစ်နိုင်ငံရှိတန်ခိုးကြီးဘုရားများအား နှစ်နိုင်ငံပြည်သူများ ဖူးမြော်နိုင်ရေးအတွက် ပြည်ဝင်ဗီဇာကိစ္စရပ်များ လွယ်ကူအဆင်ပြေစေရေး၊ နှစ်နိုင်ငံပြည်သူများ တရားမဝင် ဝင်ထွက်သွားလာမှု မရှိစေရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ (ယာပုံ)

တွေ့ဆုံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးငွေးလှိုင်နှင့် ဒေါက်တာ မျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ လစဉ်စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာပေးဟောပြောပွဲ အခမ်းအနား ကျင်းပ

ပဲခူး ဇွန် ၁၁



ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လစဉ်စာဖတ်ရှိန် မြှင့်တင်ရေးနှင့် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၁၁ ရက် နံနက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စာအုပ် စာပေဖတ်ရှုမှုသည် မိမိတို့ဘဝကို အကျိုးပြုနိုင်သည့်အတွက် လူမှုဘဝ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူ ဖြစ်စေနိုင်မည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုရန်လိုအပ်ပြီး စာကြည့်တိုက်များဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းကို ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ထူးချွန်သော လူငယ်များ ဖြစ်စေရန် အမြော်အမြင်ရှိခြင်း၊ မေတ္တာတရားရှိခြင်း၊ သတ္တိရှိခြင်း၊ အပြုသဘောမျိုးဆောင်ခြင်း၊ တီထွင်ဖန်တီးလိုစိတ်ရှိခြင်း၊ ဖွဲလုံ့လရှိခြင်းနှင့် စိတ်အားထက်သန်မှုရှိခြင်း စသည့် အချက် (၇) ချက်နှင့် ပြုမူနေထိုင်သွားကြရန် လိုအပ်ပြီး ကျောင်းစာတွင်မကဘဲ ဗလငါးတန်နှင့် ပြည့်စုံသော ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၃)အခြေခံပညာကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်" သီချင်းဖြင့်လည်းကောင်း၊ ပဲခူးတက္ကသိုလ် ကျောင်းသူလေးများက "မြန်မာမလေးပါရှင့်" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာပေးဟောပြောပွဲတွင် တက်ရောက်ဟောပြောသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ တစ်သက်တာ စာပေဆုရှင် အလင်္ကာကျော်စွာ စာရေးဆရာ မြင်းမူ မောင်နိုင်မိုးနှင့် ပဲခူးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ အမျိုးသားစာပေဆုရှင် ဝတ်ရည်ခင် (ပဲခူး) တို့အား ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေများကို လည်းကောင်း ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတက္ကသိုလ် စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာအုပ်စာပေများ ဝယ်ယူနိုင်ရေး ထောက်ပံ့ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ တစ်သက်တာ စာပေဆုရှင် အလင်္ကာကျော်စွာ စာရေးဆရာ မြင်းမူမောင်နိုင်မိုးက ပဲခူးတက္ကသိုလ်စာကြည့်တိုက်အတွက် စာအုပ်များကို ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်အေးအေးခိုင်ထံ ပေးအပ် လှူဒါန်းခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် သုတ/ရသစာပေများကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ဝဲပုံ)

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ စာရေးဆရာ မြင်းမူ မောင်နိုင်မိုးက "ဘဝထဲက စာပေ၊ စာပေထဲက ဘဝ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပဲခူးမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ အမျိုးသားစာပေဆုရှင် ဝတ်ရည်ခင် (ပဲခူး) က "မျိုးဆက်သစ်လူငယ်တို့ အနာဂတ်လှပဖို့" ခေါင်းစဉ်ဖြင့် ဟောပြောကြပြီး ကျောင်းသား ကျောင်းသူများနှင့် ဉာဏ်စမ်းပဟေဠိမေးခွန်း မေးမြန်းခြင်း၊ ဖြေဆိုခြင်း ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အင်းတော်မြို့၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**အင်းတော် ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က သစ်ထုတ်ရေး သစ်ဆိပ်မြေ နေရာ၌ ကျင်းပသည်။

အင်းတော်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများ ပျက်စီးပြုန်းတီးမှု မရှိစေရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောပြုန်းတီးမှုများ ကာကွယ်နိုင်ရေးတို့ အတွက် ဆောင်ရွက်လျက် ရှိကြောင်း၊ သဘာဝသစ်တော ပတ်ဝန်းကျင်များ ပျက်စီးပြုန်းတီးမှုကို ကာကွယ်နိုင်ရေးအတွက် ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲတော်ကို နှစ်စဉ် ကျင်းပရခြင်းဖြစ်ကြောင်း၊ သစ်တောသစ်ပင်များကို ချစ်မြတ်နိုးသူများအနေဖြင့် သစ်ပင်များကို စိုက်ပျိုးလိုပါက မိမိတို့ သစ်တောဦးစီးဌာနနှင့် ဆက်သွယ်၍ သစ်ပင်ပျိုးပင်များကို သယ်ယူစိုက်ပျိုးနိုင်ပါကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးရဲမြင့်သန်းက ပြောသည်။



အဆိုပါ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်ဂရိန်နှင့် အဖွဲ့ဝင်များက ပျိုးပင်များကို ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များကို ပေးအပ်ခဲ့သည်။ ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ကျွန်းပင် ၂၀၀၊ ကံ့ကော် ၁၀၀၊ ခရေ ၁၀၀၊ ဗာဒံ ၁၀၀၊ မဟော်ဂနီ ၅၀၊ ပျဉ်းကတိုး ၁၅၀ စုစုပေါင်း သစ်ပင်ပျိုးပင် ၇၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

လူအောင်(ကသာ)

# မြန်မာ့သစ်လုပ်ငန်းမှ ငလိုက်စခန်းသာ ဆင်စခန်းဝင်းအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇွန် ၁၁**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ငလိုက်စခန်းသာ ဆင်စခန်းတွင် မြန်မာ့သစ်လုပ်ငန်း၊ နေပြည်တော် သစ်ထုတ်ရေးဒေသမှ ပြုလုပ်သည့် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းအောင်က မြန်မာ့သစ်လုပ်ငန်းအနေဖြင့် သစ်ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းအပြင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းကို ၂၀၁၈ ခုနှစ်တွင် စတင်တည်ထောင်စိုက်ပျိုးလာခဲ့သည်မှာ ယနေ့အထိ ဧက ၇၁၀၊ အပင်ရေ ၇၀၈၁၀၀ စိုက်ပျိုးဖြစ်ထွန်းခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်ကတည်းက သစ်ထုတ်လုပ်ပြီး သစ်ကွက် ဧရိယာများအတွင်း ကျွန်းသစ်မာမျိုးစုံ၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း (Enrichment Planting –EP) ကိုလည်း သစ်ထုတ်လုပ်သည့် နှစ်များအလိုက် ပြန်လည်စိုက်ပျိုးခဲ့သည်မှာ စုစုပေါင်း ၁၅၅၇၃၂၇ ပင် စိုက်ပျိုးခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးက တမလန်းပျိုးပင်ကို စတင်စိုက်ပျိုးပေးကာ အထွေထွေ မန်နေဂျာများနှင့် တက်ရောက်လာသူများက တမလန်း၊ မဟော်ဂနီ၊ ရေသင်းဝင်၊ မဲဇလီပင်များကို စိုက်ပျိုးပြီး သစ်ပင် စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်ရေ ၅၇၀ ပင်ကို အင်အား ၁၃၀ ဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**



**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ**

# ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ အောင်ချက်ရာခိုင်နှုန်း ၅၇ ဒသမ ၉၀ ရာခိုင်နှုန်းရှိ


အင်းတော်မြို့နယ်၌ အောင်စာရင်းကြည့်ရှုနေကြစဉ်။

**နေပြည်တော် ဇွန် ၁၁**

၂၀၂၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၄ ခုနှစ် ဧပြီနှင့် မေလများတွင် အထူးအစီအစဉ် တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်ပေးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်းဖြင့် အပြီးထုတ်ပြန်ကြေညာသည်။

ထိုသို့ ထုတ်ပြန်ပေးရာတွင် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန်ထားလျက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများက အေးချမ်းစွာဖြင့် လာရောက်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ တက္ကသိုလ်ဝင်တန်း အောင်စာရင်းကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကိုလည်း မြန်မာ့အသံ (ရေဒီယို)၊ တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖြေဆိုသူဦးရေ ၁၂၈၈၂၀၊ အောင်မြင်သူဦးရေ ၇၄၅၉၂ ဦး၊ အောင်ချက်ရာခိုင်နှုန်းမှာ ၅၇ ဒသမ ၉၀ ရာခိုင်နှုန်းရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၁ ဦး၊ ဝိဇ္ဇာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦး၊ ဝိပ္ပံတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦး စာရင်းကို ထုတ်ပြန်ထားရာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးထူးချွန်စွာ အောင်မြင်ကြသူ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ၊ မိဘများ၏ ရင်တွင်းစကားသံများ


ဒေါက်တာစန္ဒာမြင့်မြိမ်း


မနှင်းကြယ်စင်ထွန်း


မမေသူထွန်း


မောင်ဟိန်းလင်းထက်


မလင်းလက်အိမ်


မမြတ်သီရိကျော်

**ရန်ကုန် ဇွန် ၁၁**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများကို တစ်နိုင်ငံလုံး၌ ဇွန် ၁၁ ရက်က ထုတ်ပြန်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အနေဖြင့် ဖြေဆိုသူပေါင်း ၁၈၀၅၆ဦး ရှိပြီး အောင်မြင်သူ ၉၆၅၆ ဦးရှိရာ ရာခိုင်နှုန်းအားဖြင့် ၅၃ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အခြေခံပညာ ကျောင်းများမှ မြန်မာတစ်နိုင်ငံလုံး ထူးချွန်စွာ အောင်မြင်ကြသူ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ၊ မိဘများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါသည်။

**ဒေါက်တာစန္ဒာမြင့်မြိမ်း**
**အထက(၁) ဒဂုံ၊**
**ကျောင်းအုပ်ဆရာမကြီး**

ကျွန်မတို့ ကျောင်းက Grade-12 တက္ကသိုလ်ဝင်စာမေးပွဲမှာ ၁၅၉ ဦးဖြေဆိုပြီး ၁၄၇ ဦး အောင်မြင်ခဲ့တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ ၄၅ ရာခိုင်နှုန်း အောင်မြင်ခဲ့တယ်။ မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ထူးချွန်အဆင့် (၁၁) ယောက်ထဲမှာ ကျွန်မတို့ကျောင်းက လေးယောက် ထူးချွန်စွာ အောင်မြင်ခဲ့တယ်။ ခြောက်ဘာသာ ဂုဏ်ထူးနဲ့ အောင်မြင်သူ ၂၆ ဦး ရရှိခဲ့ပါတယ်။ ကျောင်းသား ကျောင်းသူတစ်ဦးတိုင်းရဲ့ ယခင်နှစ် Grade-11 က ကျောင်းတွင်း စာမေးပွဲရလဒ်တွေကို မိဘတွေကို သိရှိစေခဲ့ပါတယ်။ အားနည်းချက်တွေ ဖြည့်ဆည်းပံ့ပိုးနိုင်အောင် မိဘတွေ တွေ့ဆုံဖို့ ဖိတ်ခေါ်ပြီး တစ်ဘာသာချင်းအလိုက် ရမှတ်တွေကို အသိပေးခဲ့တယ်။ ကျောင်းသား ကျောင်းသူတွေကိုလည်း ကိုယ်တိုင်သိရှိပြီး အားနည်းတဲ့ ဘာသာတွေကို ဖြည့်ဆည်း လေ့လာကြပ်မတ်နိုင်အောင် ဘာသာရပ်မှူးတွေနဲ့ အုပ်ထိန်းသူစနစ်နဲ့ လေ့ကျင့်သင်ကြားစေခဲ့ပါတယ်။ အကြိုစစ်ဆေးတဲ့ ကျောင်းတွင်းစာတတ်မြောက်မှု စစ်ဆေးတဲ့မေးခွန်းတွေကိုလည်း ကျောင်းသား ကျောင်းသူတွေအတွက် အထောက်အကူဖြစ်စေဖို့ ပြဋ္ဌာန်းစာအုပ်ကို အခြေခံပြီး အထက်တန်းပြ ဆရာမတွေကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် အလှည့်ကျ မေးခွန်းပြုစုစေခဲ့ပါတယ်။ ဒါမှ ဆရာမတွေရော သင်ရိုးသစ် သင်ခန်းစာတွေကို လေ့လာစေပြီး သင်ကြားတဲ့ ဘာသာရပ်တွေအတွက် အမှတ်ပေးစည်းမျဉ်းနဲ့ အညီ သင်ကြားနိုင်ပြီး အထောက်အကူဖြစ်စေမှာပါ။

Grade-12 တက္ကသိုလ်ဝင် စာမေးပွဲမှာ တစ်နိုင်လုံးအဆင့် ထူးချွန်စွာ အောင်မြင်သူတွေ ထွက်ပေါ်လာစေဖို့ Grade-4 က စပြီး Grade-12 အထိ ကျောင်းတွင်း တတ်မြောက်မှုရလဒ်တွေအရ အမှတ်အများဆုံးရရှိသူ ၁၀ ဦးကို ထူးချွန်ထက်မြက်တံဆိပ်အဝိုင်းတွေ ချီးမြှင့်ပေးခဲ့တယ်။ အဓိကကတော့ မိဘဆရာ ပူးပေါင်းမှုနဲ့ ရလဒ်ကောင်းတွေ ပေါ်ထွက်လာရတာ ဖြစ်ပါတယ်။

**မနှင်းကြယ်စင်ထွန်း**
**အထက(၁)ဒဂုံ၊ မြန်မာတစ်နိုင်ငံလုံး ဒုတိယအဆင့်**
**အမှတ်အများဆုံးရရှိသူ**

Grade-12 တစ်နှစ်လုံးက ပင်ပန်းခဲ့တာတွေ အများကြီးရှိတယ်။ စာကိုလည်း မနားမနေ ကြိုးစားခဲ့ရတယ်။ အခုလိုရလဒ်ကို ရတော့လည်း ထိုက်တန်တယ်လို့ ကိုယ့်ကိုယ်ကို ဂုဏ်ယူမိပါတယ်။ အခုလာမယ့်နှစ် Grade-12 ဖြေဆိုမယ့် မောင်တွေ၊ ညီမတွေကိုလည်း ဒီတစ်နှစ် ပင်ပန်းတာကို ရဲရဲဝံ့ဝံ့နဲ့ ရှေ့ဆက်ပြီး မိမိလိုချင်တဲ့ အနာဂတ်ပန်းတိုင်ကို ရောက်အောင် သေချာကြိုးစားခဲ့ရင် ရလဒ်ရဲ့ အသီးအပွင့်တွေကို ခံစားရမယ်လို့ ပြောချင်တယ်။ ကျောင်းမှာဆိုရင် ဆရာမတွေပြောတာကို သေချာနားထောင်တယ်။ နားမလည်တာရှိရင် မိဘတွေရော ဆရာမတွေကပါ ပံ့ပိုးကူညီပေးတယ်။ ခက်ခဲပေမယ့်လည်း စာကို နားလည်အောင် ကြိုးစားနိုင်ခဲ့တယ်။ ပင်ပန်းပေမယ့်လည်း မိမိလိုချင်တဲ့ ရလဒ်ရတဲ့အတွက် ကျေနပ်ပါတယ်။

**မမေသူထွန်း**
**အထက(၁)ဒဂုံ၊**
**မြန်မာတစ်နိုင်ငံလုံး စတုတ္ထအဆင့်**
**အမှတ်အများဆုံးရရှိသူ**

အခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အတွင်းမှာ Grade-12 တက္ကသိုလ်ဝင်စာမေးပွဲကို အထက(၁)ဒဂုံ ကျောင်းကနေ မြန်မာတစ်နိုင်ငံလုံး စတုတ္ထအဆင့် ရရှိခဲ့တာပါ။ တစ်နှစ်ပတ်လုံး စာဘယ်လိုကြိုးစားခဲ့လည်းဆိုရင် ဘာသာရပ်အလိုက်တတ်နိုင်သမျှ စာမေးပွဲဖြေဖို့အတွက် အဓိကဦးတည်ပြီး ပြင်ဆင်ခဲ့တယ်။ အချိန်နဲ့တစ်ပြေးညီ ဖြေနိုင်အောင်၊ မေးခွန်းရဲ့ လိုအပ်ချက်နဲ့ကွက်တိ ဖြေနိုင်အောင် အဓိကကြိုးစားထုတ်ခဲ့တယ်။ အခုလိုမျိုး အဆင့်ကောင်းနဲ့ ရလဒ်ကောင်း ရရှိတဲ့အတွက် ဂုဏ်ယူမိတယ်၊ ဝမ်းမြောက်မိတယ်။ အခုလို ရလဒ်ကောင်းရအောင် ထောက်ပံ့အားပေးကြတဲ့ ဆရာ ဆရာမတွေနဲ့ ပြုစုပျိုးထောင်ပေးခဲ့တဲ့ မိဘတွေကို ကျေးဇူးတင်ပါတယ်။

**မောင်ဟိန်းလင်းထက်**
**အထက(၁)ဒဂုံ၊**
**မြန်မာတစ်နိုင်ငံလုံး စတုတ္ထအဆင့်**
**အမှတ်အများဆုံးရရှိသူ**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-12 တက္ကသိုလ်ဝင် စာမေးပွဲမှာ ကျွန်တော် နှစ်စကတည်းက စာတွေကို တစ်နေ့စာ တစ်နေ့ပုံမှန် လေ့လာကျက်မှတ်တယ်။ ကျန်တဲ့အချိန်တွေမှာ သင်ပြီးသမျှ စာတွေကိုပြန်လေ့လာတယ်။ နှစ်စမှာ စာမကျေရင် စာတွေပုံလာမယ်ဆိုရင် စိတ်ဖိစီးမှုတွေ ဖြစ်လာမယ်။ အိမ်ရောက်ရင် မှတ်စုတွေ ပြန်ထုတ်ပြီး ပြန်လေ့လာတယ်။ မှတ်စုတိုတွေ ရေးပြီး ဆရာတွေကို ပြန်ပြတယ်၊ Grade-12 မှာ အရေးကြီးတာက စာလေ့လာဖို့ရယ်၊ အနားယူဖို့ရယ်၊ သူ့အချိန်နဲ့သူရှိရမယ်။ စာတွေကို ဆက်တိုက်မနားဘဲ လေ့လာရင် ကျန်းမာရေး ထိခိုက်နိုင်တယ်။ စာမေးပွဲနီးလာရင် သင်ခန်းစာတွေကို သင်ပြီးတဲ့အချိန်မှာ တစ်ဘာသာချင်းစီအတွက် ပြန်လေ့လာဖို့ ကြိုတင်အစီအစဉ်ဆွဲဖို့ လိုတယ်။

**မလင်းလက်အိမ်**
**အထက(၁)ဒဂုံ၊**
**မြန်မာတစ်နိုင်ငံလုံး သတ္တမအဆင့်**
**အမှတ်အများဆုံးရရှိသူ**

Grade-12 တက္ကသိုလ်ဝင် စာမေးပွဲကို ဘာသာစုံဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တာက ဆရာ ဆရာမတွေနဲ့ မိဘတွေရဲ့ ကျေးဇူးတွေ အများကြီးပါပါတယ်။ တစ်နှစ်ပတ်လုံးမှာ တတ်နိုင်သမျှ အကောင်းဆုံး ကြိုးစားခဲ့တယ်။ အိပ်ရေးပျက်ခဲ့တဲ့ ရက်တွေလည်း ရှိခဲ့တယ်။ ကျောင်းမှာဆိုရင် ဆရာ ဆရာမတွေရဲ့ ညွှန်ကြားချက်တွေ၊ သင်ကြားမှုတွေကို လိုက်နာပြီး တတ်နိုင်သမျှ အကောင်းဆုံး ကြိုးစားခဲ့တယ်။ ဒီအတွက်ကြောင့် အခုလိုမျိုးကောင်းမွန်တဲ့ ရလဒ်ရခဲ့တယ်ဆိုတာကို ဂုဏ်ယူပြီး ဆရာ ဆရာမတွေနဲ့ မိဘတွေကို ကျေးဇူးတင်မိပါတယ်။ မောင်ငယ်၊ ညီမငယ်တွေကိုလည်း အတတ်နိုင်ဆုံး ကြိုးစားရင်းနဲ့ ကိုယ်နဲ့ထိုက်တန်တဲ့ ရလဒ်တွေ ရပါစေလို့ ဆုတောင်းပေးပါတယ်။

**မမြတ်သီရိကျော်**
**အထက(၂) လသာ၊**
**မြန်မာတစ်နိုင်ငံလုံး နဝမအဆင့်**
**အမှတ်အများဆုံးရရှိသူ**

နှစ်စကတည်းက ဘာသာစုံဂုဏ်ထူးထွက်အောင် ရည်မှန်းပြီး တစိုက်မတ်မတ် ကြိုးစားခဲ့တာပါ။ အခုလိုရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ ဘာသာစုံကို နှစ်စကတည်းက တစ်ဘာသာချင်း ဘာမှမလွတ်ရအောင်၊ အားနည်းတဲ့ ဘာသာကိုလည်း ပိုဖိပြီး ကြိုးစားခဲ့တယ်။ မြန်မာစာက တော်တော်လေး ကြိုးစားခဲ့ရတယ်။ ဗဟုသုတစာပေနဲ့ ဖတ်စာအုပ်ကိုနာနာဖတ်ပြီး ၁၀ မှတ်တန် အပုဒ်ရှည်တွေနဲ့ စာစီစာကုံးကိုလည်း နေ့စဉ်ပုံမှန် လေ့ကျင့်ခဲ့တယ်။ အင်္ဂလိပ်စာအနေနဲ့ ဖတ်စာအုပ်ကို များများဖတ်ပြီး Essay, Latter Grammar တွေကို

*စာမျက်နှာ ၁၅ သို့*

# မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကင်းလှည့်ရေယာဉ် ခြောက်စင်း လွှဲပြောင်းပေးအပ်

**ရန်ကုန် ဇွန် ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အကူအညီပေးအပ်သည့် ကင်းလှည့်ရေယာဉ် ခြောက်စင်း လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ် (၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး (ဝါးတန်း) ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Chen Hai ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် တရုတ်နိုင်ငံသံအမတ်ကြီးတို့ ဦးဆောင်၍ အခမ်းအနား တက်ရောက်လာကြသူများက လမ်းမတော်မြို့နယ် ကျန်းမာရေး ဆိပ်ခံတံတား၌ ဆိုက်ကပ်ထားရှိသော ကင်းလှည့်ရေယာဉ် နှစ်စင်း အပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးရာ ရေယာဉ်နှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ပြုလုပ်ရာ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက အမှာစကား ပြောကြားသည်။

ထို့နောက် လွှဲပြောင်း/လက်ခံခြင်း စာလွှာများကို လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြသည်။

ယနေ့အခမ်းအနားတွင် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးနှင့် အိမ်နီးချင်းကောင်းဆက်ဆံရေးတို့အပေါ် အခြေပြု၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ အားကောင်းစေရေးအတွက်လည်းကောင်း ၂၈ မီတာ ကင်းလှည့်ရေယာဉ် နှစ်စင်းနှင့် ၄၈ မီတာ ကင်းလှည့်ရေယာဉ် လေးစင်းတို့ကို အကူအညီပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၅/၂၀၂၄)

### ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အကျဉ်းသား စုစုပေါင်း ၂၃ ဦးအောင်မြင်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၆ ပုဒ်မခွဲ (က) နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၆ တို့တွင် ပညာသင်ယူခွင့်နှင့် စပ်လျဉ်း၍ ဖော်ပြပါရှိပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ တို့အရ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် လူငယ်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ လူငယ်သင်တန်းကျောင်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများမှ ကလေးသူငယ်များ၏ ပညာသင်ယူခွင့် အခွင့်အရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ကြည့်ရှုစစ်ဆေးစဉ် တက္ကသိုလ်ဝင်တန်း ပညာရေး ဆက်လက်သင်ယူလိုသည့် အကျဉ်းသား/ အကျဉ်းသူများ ရှိပါက သက်ဆိုင်ရာဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြံပြုခဲ့ပါသည်။

၃။ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်စာရင်းများကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် အကျဉ်းဦးစီးဌာနအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၇ ဦးနှင့် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၆ ဦး၊ စုစုပေါင်း အကျဉ်းသား ၂၃ ဦးအောင်မြင်ခဲ့ပါသည်။ အောင်မြင်သူများတွင် ၄ ဘာသာဂုဏ်ထူးရှင် ၁ ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၄ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၂ ဦးနှင့် ၁ ဘာသာဂုဏ်ထူးရှင် ၃ ဦး ပါဝင်ပါသည်။ ၄ ဘာသာ ဂုဏ်ထူးရှင်သည် ဝိဇ္ဇာဘာသာတွဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး တတိယအမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းနှင့် လူငယ်သင်တန်းကျောင်းများမှ လူငယ်သင်တန်းသား ၈ ဦး၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ သင်တန်းသား ၂ ဦး အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်သူ အကျဉ်းသား/ အကျဉ်းသူများ ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များ၏ တက္ကသိုလ်ဝင်တန်းအောင်မြင်မှုအပေါ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ အကျဉ်းသား/ အကျဉ်းသူများ၏ ပညာသင်ယူခွင့် အခွင့်အရေး ဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်

---

# စဉ့်ကူးမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူအချို့ ထိခိုက်သေဆုံးမှုရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်မှုကြောင့် ထုံးကြီးကျေးရွာမှ ပြည်သူတစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိသည် တွေ့ရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မှန်ကန်မှု မရှိကြောင်း၊ စဉ့်ကူးမြို့နယ်အတွင်း လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော်လည်း ယနေ့နံနက်ပိုင်းတွင် တိုက်ပွဲများ ဖြစ်ပွားမှုနှင့် လက်နက်ကြီး ပစ်ခတ်မှုများ မရှိကြောင်း ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ပွားစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိသည့်နေရာနှင့် အနီးဝန်းကျင်နေရာများ၌ လုပ်ကြံသတင်းများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၄ မှ*

ပိုင်နိုင်အောင် နေ့စဉ်လေ့ကျင့်ခဲ့ရပါတယ်။ သင်္ချာအတွက်က ဖတ်စာအုပ်ကို အဓိကပိုင်နိုင်အောင် လုပ်ပါတယ်။ ဓာတု၊ ရူပ၊ ဇီဝဘာသာတွေကိုလည်း ဖတ်စာအုပ်ထဲက လေ့ကျင့်ခန်းတွေကို တစ်ခန်းချင်း မျှမျှတတ လေ့လာမှတ်သားပြီး မှတ်စုတွေထုတ်ပြီး ချရေး၊ ပုံတွေကိုလည်း ရေးဆွဲခဲ့ရတယ်။ ဘာသာစုံကို အပိုအလို မရှိအောင် နှံ့နှံ့စပ်စပ်နဲ့ ဆရာဆရာမတွေ သင်ကြားတဲ့အတိုင်း လိုက်နာခဲ့တယ်။ တစ်နှစ်ပတ်လုံး ကျန်းမာရေးကို ဂရုစိုက်ပြီး ပုံမှန်ပဲ ကြိုးစားခဲ့ပါတယ်။ နောင်နှစ်မှာ ဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူတွေ စာကို တစ်နေ့စာ တစ်နေ့၊ တစ်ပတ်စာတစ်ပတ် ပုံမှန်ဖတ်သွားမယ်ဆိုရင် လိုချင်တဲ့ အမှတ်တွေရရှိပြီး ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ရောက်နိုင်မှာ ဖြစ်ပါတယ်။

**ဒေါ်ခင်မာလာကျော်**

**ကျောင်းသားမိဘ**

သားလေးက ဒီနှစ် အထက (၁)ဒဂုံကနေ မြန်မာတစ်နိုင်ငံလုံး စတုတ္ထအဆင့် အမှတ်အများဆုံး ရရှိသူဖြစ်ပါတယ်။ စာတွေကို အနီးကပ် လုပ်ပေးခဲ့တယ်။ ကျက်စာတွေအကုန်လုံးကို ကျွန်မကိုယ်တိုင်စာစစ်ပြီး မြန်မာစာ၊ ဇီဝဘာသာကအစ မိဘအနေနဲ့ အနီးကပ် နေ့စဉ်ပံ့ပိုးကူညီပေးတယ်။ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒတွေကို ဆရာ ဆရာမတွေနဲ့ ပေးထားတဲ့ အိမ်စာတွေကို ပုံမှန် အကုန်လုပ်တယ်။ စာစပြီး သင်တယ်ဆိုတာနဲ့ အချိန်ဇယားဆွဲပြီး ပုံမှန်လုပ်တယ်။ ကျွန်မက တစ်ပတ်ကို တစ်ရက်၊ နှစ်ရက်၊ သုံးရက် ကျက်စာတွေ စစ်ပေးတယ်။ အနီးကပ် ကျန်းမာရေး စောင့်ရှောက်ရတယ်။ အဲဒီအတွက် အခုရလာတဲ့ ရလဒ်အတွက်လည်း ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ ကျောင်းက ကျောင်းအုပ်ကြီးနဲ့ ဆရာ ဆရာမတွေကလည်း ကူညီပံ့ပိုးပေးလို့ အခုလို အောင်မြင်မှုတွေ ရတာပါ။ ကျေးဇူးတင်ပါတယ်။



ဒေါ်ခင်မာလာကျော်

**သတင်းစဉ်**

**တွေ့ဆုံမေးမြန်း**
**မေချို**
**ဓာတ်ပုံ - ချိုကြီး**

---

○ *ကျော့ဖုံးမှ*

သောကြာညများတွင်ကျင်းပသည့် ONE Friday Fights ပြိုင်ပွဲတွင် မြန်မာဖိုက်တာများ၏ တွဲဆိုင်းများ ဆက်တိုက်ပါဝင်လာပြီး ယခုတစ်ပတ်တွင် မိုးထက်အောင် တွဲဆိုင်းထည့်သွင်းထားခြင်းဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-ONE Championship**

---



**ကသာခရိုင်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေးလှုံ့ဆော်ရေး Bill Board မြေစိုက်ပိုစတာဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို ဇွန် ၁၁ ရက်က ပြုလုပ်စဉ်။**

(အဆိုပါဆိုင်းဘုတ် စိုက်ထူပွဲကို ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။)

**ရဲလင်းထွန်း(ကသာ)**

# ခေတ်စားလာသော Online လိမ်လည်မှုများ

ကိုကိုချွန် (FIU မော်လမြိုင်)

(ယမန်နေ့မှ အဆက်)

**အရောင်းအဝယ်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို အကြောင်းပြ၍ လိမ်လည်ခြင်း**

စတုတ္ထနည်းလမ်းမှာ လိမ်လည်သူသည် Social Media Platform ပေါ်တွင် ကြော်ငြာအတုများ၊ ကုန်ပစ္စည်းအတုများ လွှင့်တင်၍ ဟန်ပြရောင်းချကြပါသည်။ မိမိမှ ဝယ်ယူလိုက်ပါက စာရွက်စာတမ်းအတုများ၊ ဘောက်ချာအတုများပြုလုပ်၍ Delivery ဖြင့် ကုန်ပစ္စည်းများပေးပို့လိုက်ကြောင်း ဝယ်ယူသူယုံကြည်စေရန် လှည့်ဖြားကာ တန်ဖိုးငွေလွှဲပြောင်းခိုင်းပြီး လိမ်လည်ရယူကြပါသည်။ အခြားနည်းမှာ လူမှုကွန်ရက်တွင် ဟန်ပြကုမ္ပဏီ (Front Company) များ၊ ဟန်ပြငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်၍ ကြော်ငြာလွှင့်တင်ပြီး အစုရှယ်ယာများရောင်းချကာ ငွေကြေးလိမ်လည်ခြင်း ဖြစ်ပါသည်။

လိမ်လည်သူများသည် ပထမဦးစွာ အင်တာနက်စာမျက်နှာ (Web page)များ လွှင့်တင်ထားပြီးနောက် လူမှုကွန်ရက်မှ မိမိအား ယင်းစာမျက်နှာတွင် Account ဖွင့်လှစ်အသုံးပြုစေရန် မက်လုံးပေးဆွဲဆောင်ပါသည်။ Account ဖွင့်လှစ်ဝင်ရောက်လိုက်ပါက ယင်းစာမျက်နှာတွင် ဖန်တီးထားသော ကုန်ပစ္စည်းများ အော်ဒါမှာယူ တင်သွင်းခြင်းဖြင့် အမြတ်ငွေများရရှိနိုင်ကြောင်း၊ အမြတ်ငွေများကို အော်ဒါတင်သွင်းမှု သတ်မှတ်အကြိမ်ရေပြည့်မှ ထုတ်ယူခွင့်ပြုကြောင်း မက်လုံးပေးဆွဲဆောင်ပါသည်။ သတ်မှတ်အကြိမ်ရေ ပြည့်သော်လည်း ငွေကြေးများထုတ်ပေးခြင်းမပြုဘဲ လိမ်လည်ခြင်းဖြစ်ပါသည်။

အခြားနည်းလမ်းတစ်ခုမှာ လိမ်လည်သူများသည် Viber မှတစ်ဆင့် ငွေကြေးရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခြင်းဖြင့် အပိုဝင်ငွေရရှိနိုင်ကြောင်း၊ ငွေကျပ်မည်မျှရင်းနှီးပါက အကျိုးအမြတ်များ ပြန်လည်ရရှိမည်ဖြစ်ကြောင်း အဆင့်ဆင့်ရင်းနှီးမြှုပ်နှံစေရန် ဆွဲဆောင်ပါသည်။ သို့သော် ၎င်းငွေများနှင့် အကျိုးအမြတ်များကို ပြန်လည်ထုတ်ပေးခြင်း မရှိတော့ဘဲ လိမ်လည်ခြင်းဖြစ်ပါသည်။ အခြားနည်းမှာ Facebook စာမျက်နှာတွင် ငွေကြေးလဲလှယ်သည့်လုပ်ငန်း (Money Changer) ဆောင်ရွက်ကြောင်း၊ မိမိမှ နိုင်ငံခြားငွေဝယ်ယူလိုပါက ၎င်း၏ ငွေစာရင်းသို့ ငွေကြေးလွှဲပြောင်းခိုင်းပြီး မိမိ Facebook Account အား block ကာ လိမ်လည်ခြင်း ဖြစ်ပါသည်။

**အလုပ်အကိုင်အခွင့်အလမ်းများရရှိမည်ဟု အကြောင်းပြ၍လိမ်လည်ခြင်း**

ပဉ္စမမြောက်နည်းလမ်းမှာ လိမ်လည်သူများသည် Social Media Platform ပေါ်တွင် နာမည်ကြီး အလုပ်အကိုင်ရှာဖွေရေး Agency များ၏ အမှတ်တံဆိပ်များကို အသုံးပြု၍ Web page ထူထောင်ပြီး အလုပ်အကိုင်အတုများ၊ အလုပ်ခေါ်စာအတုများဖြင့် လှည့်ဖြားကမ်းလှမ်းကာ သင်တန်းတက်ရန် ငွေကြိုတင်တောင်းခံခြင်း၊ ဝန်ဆောင်ခကျသင့်ငွေများအား အကြောင်းအမျိုးမျိုးပြကာ ကြိုတင်တောင်းခံခြင်းဖြင့် လိမ်လည်သော နည်းလမ်း ဖြစ်ပါသည်။

**အခြားနည်းလမ်းများ**

အခြားကျူးလွန်လေ့ရှိသည့် နည်းလမ်းတစ်ခုမှာ တယ်လီဖုန်း SIM ကတ်များကို အသုံးပြုခြင်း ဖြစ်ပါသည်။ လိမ်လည်သူသည် မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်၊ ဖုန်းနံပါတ်နှင့် ကိုယ်ရေးအချက်အလက်များကို တစ်နည်းနည်းဖြင့်ရယူကာ နိုင်ငံသားစိစစ်ရေးကတ်အတု ပြုလုပ်ပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများထံ "တယ်လီဖုန်း ပျောက်ဆုံးကြောင်း" အကြောင်းပြကာ မိမိ၏ ဖုန်းနံပါတ် SIM ကတ်အသစ်ကို လျှောက်ထား ရယူပါသည်။ ထို့နောက် မိမိဖုန်းနံပါတ်ဖြင့် ဖွင့်လှစ်ထားသော Mobile Pay Account များသို့ ဝင်ရောက်ကာ ငွေများလွှဲပြောင်း ရယူကြပါသည်။




> ❂ အွန်လိုင်းလိမ်လည်မှုများကို လေ့လာကြည့်လျှင် သာမန်ပြည်သူများ၏ လောဘကို အခြေခံပြီး လိမ်လည်နေကြောင်း တွေ့ရှိရပါသည်။ အချို့သော လိမ်လည်မှုများတွင် ပညာတတ်သူများလည်း လိမ်လည်ခံရသည်ကို ကြည့်ခြင်းအားဖြင့် အသိပညာနှင့် ဗဟုသုတနည်းပါးသူများကိုလည်း ပစ်မှတ်ထား ဆောင်ရွက်တတ်ကြောင်း တွေ့ရှိရ
>
> ❂ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို အွန်လိုင်းမှ ချိုးဖောက်ဝင်ရောက်ကာ သားကောင်အား ရှာဖွေဆောင်ရွက်တတ်ကြပါသည်။ အလိမ်ခံရသူကို အရှက်ခွဲမည်ဟု ခြိမ်းခြောက်ငွေညှစ်ခြင်း၊ အွန်လိုင်းလိမ်လည်မှုများတွင် ပါဝင်ဆောင်ရွက်ရန် အတင်းအကျပ်စေခိုင်းခြင်းမျိုးလည်း ကြုံတွေ့နေရ

**လိမ်လည်ခံရခြင်း အကြောင်းရင်းများ**

အွန်လိုင်းလိမ်လည်မှုများကို လေ့လာကြည့်လျှင် သာမန်ပြည်သူများ၏ လောဘကို အခြေခံပြီး လိမ်လည်နေကြောင်း တွေ့ရှိရပါသည်။ အချို့သော လိမ်လည်မှုများတွင် ပညာတတ်သူများလည်း လိမ်လည်ခံရသည်ကို ကြည့်ခြင်းအားဖြင့် အသိပညာနှင့် ဗဟုသုတနည်းပါးသူများကိုလည်း ပစ်မှတ်ထား ဆောင်ရွက်တတ်ကြောင်း တွေ့ရှိရပါသည်။ သာမန်ပြည်သူလူထုအတွင်း လိမ်လည်ခံရမှုများထဲတွင် အသိပညာ နည်းပါးမှုကို အခွင့်ကောင်းယူကာ လိမ်လည်နေကြကြောင်း သိရှိရပါသည်။ ဥပမာ မောင်ဘ၏ မှတ်ပုံတင်အား ငှားရမ်းပြီး အွန်လိုင်းအကောင့်ဖွင့်ခြင်း၊ မှတ်ပုံတင်အတု ပြုလုပ်ထားခြင်း၊ ပတ်စပို့ပြုလုပ်ခြင်း၊ ဖုန်းများ ခေတ္တငှားရမ်းပြီး အွန်လိုင်း Pay Wallet ဖွင့်လှစ်ခြင်းနှင့် ပိုင်ရှင်၏ ဖုန်းအမှတ်၊ လိပ်စာ၊ အမည်ကို လိမ်လည်မှုအတွက် အသုံးချခြင်းတို့သည် နေ့စဉ်ကြုံတွေ့နေရသော လိမ်လည်နည်းများ ဖြစ်ပါသည်။

အချို့နေရာများတွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုနှင့် ဆင်းရဲနွမ်းပါးမှု၊ မိသားစုစီးပွားရေးကျပ်တည်းမှုများကြောင့် ပညာတတ်သူ၊ အသိပညာရှိသူများပင် လိမ်လည်ခံရလျက်ရှိပါသည်။ ရာထူးတိုးတက်ရရှိရေးနှင့် လုပ်ငန်းအဆင်ပြေရေးအတွက် အွန်လိုင်းပေါ်တွင် အဆောင်များ၊ လက်ဖွဲ့များ ရောင်းချပေးခြင်း၊ အကြောင်းအမျိုးမျိုးပြကာ ယတြာချေခိုင်းခြင်းနှင့် နောက်ပိုင်းတွင် အောက်လမ်းနည်း၊ စုန်း/ ကဝေများဖြင့် ခြိမ်းခြောက်ခြင်း၊ ငွေကြေးတောင်းခံခြင်းများလည်း ကြုံတွေ့နေရလျက်ရှိပါသည်။

သာမန်ပြည်သူများအနေဖြင့် ရိုးသားဖြူစင်ခြင်း၊ အယုံလွယ်ခြင်း၊ နောက်ဆက်တွဲပြဿနာကို မသိခြင်း၊ အရှက်အကြောက်ကြီးခြင်း၊ စူးစမ်းလိုခြင်း၊ စမ်းသပ်လိုခြင်းနှင့် စပ်စုလိုစိတ်ရှိခြင်း၊ စဉ်းစားဆင်ခြင်ဉာဏ်နှင့် တွေးတောဆင်ခြင်မှုနည်းပါးခြင်းတို့သည် လိမ်လည်သူများအတွက် အခွင့်ကောင်းများဖြစ်ပါသည်။ အချို့အခြေအနေများတွင် လူတို့၏ စိုးရိမ်စိတ်နှင့်အကြောက်တရားကို အသုံးချခြင်း၊ အခက်အခဲရှိသူများကို ပစ်မှတ်ထားခြင်း၊ အကျိုးအမြတ်ရမည်ဟု ယုံကြည်အောင်ပြောဆိုပြီး လုပ်ငန်းအတွင်း ရှယ်ယာခေါ်ခြင်း၊ ပါဝင်လုပ်ကိုင်စေခြင်းတို့မှ နောက်ပိုင်းတွင် ငွေကြေးလိမ်လည်ခဲ့ကြောင်း တွေ့ရပါသည်။

**လိမ်လည်သူတို့၏ အလေ့အထများ**

အွန်လိုင်းလိမ်လည်မှုသည် တစ်ဦးတည်းလိမ်လည်ခြင်းထက် သာမန်အားဖြင့် အုပ်စုဖွဲ့ကျူးလွန်ပြီး IT နည်းပညာကျွမ်းကျင်သူများ ပါဝင်တတ်ကြပါသည်။ နည်းပညာ၏ အားနည်းချက်များကို အသုံးချကာ သတင်းစုဆောင်းခြင်း၊ ဖြစ်ပေါ်နေသောအခြေအနေကိုသုံးသပ်ကာ လူအများယုံကြည်လာအောင် စာရွက်စာတမ်းအတု၊ Web page နှင့် Application အတုများကို အသုံးချဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီအတုထောင်ပြီး အသုံးအဆောင်များ ငှားရမ်းအသုံးပြုခြင်းနှင့် လူအထင်ကြီးအောင် ဝတ်စားနေထိုင်တတ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို အွန်လိုင်းမှ ချိုးဖောက်ဝင်ရောက်ကာ သားကောင်အား ရှာဖွေဆောင်ရွက်တတ်ကြပါသည်။ အလိမ်ခံရသူကို အရှက်ခွဲမည်ဟု ခြိမ်းခြောက် ငွေညှစ်ခြင်း၊ အွန်လိုင်းလိမ်လည်မှုများတွင် ပါဝင်ဆောင်ရွက်ရန် အတင်းအကျပ်စေခိုင်းခြင်းမျိုးလည်း ကြုံတွေ့နေရပါသည်။

**အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးခဝါချမှုအကြား ဆက်နွှယ်မှု**

အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင် အင်တာနက်ဆက်သွယ်ရေးကို အခြေခံသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ လူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက် စာမျက်နှာများအပြင် တယ်လီဖုန်းဆက်သွယ်မှုကွန်ရက်များကို တလွဲအသုံးပြု၍ ငွေကြေးအကျိုးအမြတ်များ ရရှိစေရန် လိမ်လည်ခြင်း ဖြစ်ပါသည်။ အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် ငွေကြေးလွှဲပြောင်းဆောင်ရွက်ရာ၌ Mobile Banking နှင့် Mobile Pay ကဲ့သို့သော အင်တာနက်ဆက်သွယ်ရေးအခြေပြု ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ဆောင်မှုကို မဖြစ်မနေအသုံးပြုရပါသည်။

လိမ်လည်သူများသည် လိမ်လည်မှုကျူးလွန်စဉ် ငွေကြေးများ လွှဲပြောင်းလက်ခံရယူခြင်းနှင့် ကျူးလွန်ပြီးနောက်ရရှိလာသည့် ငွေကြေးအား လွှဲပြောင်းခြင်းများ ဆောင်ရွက်ရာ၌ ငွေကြေးစီးဆင်းမှု (Money Trail)ကို နောက်ကြောင်းလိုက်လံဖော်ထုတ်ခြင်း မခံရစေရန်နှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင် (Beneficial Owner) ကို ဖုံးကွယ်နိုင်ရန် ကြိုးပမ်းကြပါသည်။ ထိုသို့ ကြိုးပမ်းရာ၌ ငွေကြေးခဝါချမှုနည်းလမ်းများကို အသုံးပြုလာရာမှ ငွေကြေးခဝါချမှုနှင့် ဆက်နွှယ်လာပါသည်။ ဘဏ္ဍာရေးစနစ်၏ Digitalization အသွင်သို့ ပြောင်းလဲတိုးတက်လာမှုသည် လိမ်လည်မှုကျူးလွန်ရာ၌ လိုအပ်သည့် ငွေကြေးလွှဲပြောင်းမှုများ၊ ဖုံးကွယ်မှုများ လျင်မြန်စွာ လုပ်ဆောင်လာနိုင်စေပြီး ခဝါချရန်အတွက် အခွင့်အလမ်းများ ဖြစ်လာစေပါသည်။

**အခြားမှုခင်းများနှင့်ဆက်နွှယ်မှု**

ငွေကြေးခဝါချမှုအပြင် အွန်လိုင်းလိမ်လည်မှုသည် အခြားသောမှုခင်းများနှင့်လည်း ဆက်နွှယ်နေပါသည်။ အများဆုံးဆက်နွှယ်သည့် မှုခင်းများမှာ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာတွင် လိုအပ်သည့် သို့မဟုတ် မဖြစ်မနေဆောင်ရွက်ရသည့် စာရွက်စာတမ်းအတုပြုလုပ်မှုနှင့် ကိုယ်ရေးအချက်အလက်များရရှိရန် Hacking ပြုလုပ်ရသည့် ကွန်ပျူတာမှုခင်းများ ဖြစ်ပါသည်။ ထို့ပြင် လူမှောင်ခို/

စာမျက်နှာ ၁၇ သို့

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများထုတ်ပြန်၊ ထူးချွန်ကျောင်းသား ကျောင်းသူများထွက်ပေါ်

**နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်ပညာရေးမှူးရုံးများနှင့် အခြေခံပညာစာစစ်ဌာနကျောင်းများတွင် ယနေ့နံနက် ၆ နာရီမှ စတင်ကာ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ အမည်စာရင်းများကို တစ်ပြိုင်နက်တည်း ထုတ်ပြန် ဆောင်ရွက်မှုများကို စုစည်းဖော်ပြအပ်ပါသည်။**



### တာမွေ

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူ ၁၃၇ ဦး ဖြေဆိုအောင်မြင်ခဲ့ပြီး အောင်မြင်မှုရာခိုင်နှုန်းအနေဖြင့် ၅၄ ဒသမ ၂ ရာခိုင်နှုန်းရှိကာ သိပ္ပံဘာသာတွဲတွင် စုစုပေါင်းရမှတ် ၅၅၇ မှတ်ဖြင့် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ကျောင်းသားတစ်ဦး ပေါ်ထွက်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

တာမွေမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ၁၁၃ဦး၊ ကျောင်းသူ ၁၀၅ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၁၈ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ကျောင်းသား ၆၁ ဦး၊ ကျောင်းသူ ၆၇ ဦး စုစုပေါင်း ၁၂၈ ဦး၊ ပြင်ပမှဖြေဆိုသူ ကျောင်းသား ကျောင်းသူ ကိုးဦး အောင်မြင်ခဲ့ရာ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၃၇ ဦး အောင်မြင်ခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး စုစုပေါင်းဂုဏ်ထူးရှင် ၂၃ ဦး ထွက်ပေါ်ခဲ့သည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

### ကျုံပျော်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ အောက်ချက်ရာခိုင်နှုန်း ၆၄ ဒသမ ၄၉ ရာခိုင်နှုန်းရှိပြီး ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ ၁၀ ဦး စာရင်းတွင် ကျုံပျော်မြို့နယ်မှ ပါဝင်ကြောင်း သိရသည်။

ဝိဇ္ဇာတွဲတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသူ ၁၀ ဦး တွင် အထက (အင်းရဲ)မှ မစမ်းမေသူက ရမှတ်ပေါင်း ၄၈၈ မှတ်ဖြင့် အဋ္ဌမနေရာကို ရရှိခဲ့သည်။

ကျုံပျော်မြို့နယ်တွင် စာစစ်ဌာန ၁၀ ခုဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၆၄၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၄၁၄ ဦး အောင်မြင်ကာ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၈ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၁၂၄ ဦး ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဘားအံ

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကို ယနေ့ ထုတ်ပြန်ခဲ့ရာ ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ၊ သံတောင်ကြီး၊ ဖာပွန်၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီမြို့နယ်တို့ရှိ ပညာရေးမှူးရုံးများနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် အောင်စာရင်းများ ထုတ်ပြန်ထားပြီး ကရင်ပြည်နယ် အနေဖြင့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် ၄၆ ဒသမ ၂၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ၂၁၈၂ ဦး ရှိရာ စုစုပေါင်း အောင်မြင်သူ ၁၀၀၈ ဦးဖြစ်ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၃၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၉၆ ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၅၉ ဦးရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

### ကျောင်းကုန်း

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းကုန်းမြို့နယ်မှ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၇၅ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၃၇၈ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းကုန်းမြို့နယ်အတွင်း စာစစ်ဌာန ၁၂ ခု၌ ဖြေဆိုသူစုစုပေါင်း ၇၉၀ အနက် အောင်မြင်သူ ၅၀၆ ဦးရှိသဖြင့် အောင်ချက် ၆၄ ဒသမ ၀၅ ရာခိုင်နှုန်းရှိပြီး တစ်နိုင်ငံလုံး (ဝိဇ္ဇာတွဲ)အမှတ်အများဆုံး ၁၀ ဦး တွင် ကျောင်းကုန်းမြို့မှ မအေးသီတာသည် လေးဘာသာဂုဏ်ထူးဖြင့် အဆင့်(၇) ရရှိခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

### ပင်းတယ

၂၀၂၄ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နှင့် ရွာငံမြို့နယ်တို့ရှိ ပညာရေးမှူးရုံးနှင့် မြို့နယ်အတွင်းရှိအခြေခံပညာအထက်ကျောင်းများတွင် အောင်စာရင်းများ ထုတ်ပြန်ထားသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ ၇၂၆ ဦးရှိရာ စုစုပေါင်းအောင်မြင်သူ ၃၈၈ ဦးဖြစ်ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၅ ဦး၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူစုစုပေါင်း ၆၁ ဦးရှိကြောင်း ဒေသပညာရေးမှူးရုံးမှ သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

### အမ်း

ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဖြေဆိုကြသော ကျောင်းသား ကျောင်းသူများတွင် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦးအပါအဝင် ဂုဏ်ထူးများဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူ ၅၄ ဦးရှိကာ အောင်မြင်သူ စုစုပေါင်း ၃၆၈ ဦးရှိပြီး အောင်ချက် ၅၅ ဒသမ ၅၁ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

စာမေးပွဲအောင်မြင်သူများတွင် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၂ ဦးရှိကာ စုစုပေါင်း ဂုဏ်ထူးရရှိသူ ၅၄ ဦးရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၆ မှ*

လူကုန်ကူးမှုများနှင့်လည်း ဆက်နွယ်နေပါသည်။ လူမှုကွန်ရက်စာမျက်နှာများတွင် အလုပ်အကိုင် ကြော်ငြာများလွှင့်တင်၍ သားကောင် (Victim) များအား လိမ်လည်ခေါ်ဆောင်ပြီး ရောက်ရှိလာပါက အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို အတင်းအကျပ်စေခိုင်းခြင်းဖြင့် အွန်လိုင်းလိမ်လည်သည့် ဂိုဏ်းများ ပေါ်ပေါက်လာပါသည်။

IT နည်းပညာကျွမ်းကျင်သူများနှင့် ဒေသ/နိုင်ငံ အသီးသီးမှ ဘာသာစကားမတူသော လူအမျိုးမျိုးကို မောင်းခိုကူးကာ အတင်းအကျပ်စေခိုင်းခြင်းဖြင့် လိမ်လည်ခံရသူနှင့်စပ်လျဉ်းသည့် နယ်နိမိတ် အကန့်အသတ်များကို ကျော်လွှားကာ နိုင်ငံဖြတ်ကျော် ကျူးလွန်မှုများ ဖြစ်ပေါ်လာပါသည်။ အွန်လိုင်း လိမ်လည်ဂိုဏ်းများသည် အများအားဖြင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားသည့် နယ်စပ်ဒေသများ၊ လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှု၊ လောင်းကစားမှု၊ ရာဇဝတ်မှုများ ထူပြောရာ နယ်စပ်ဒေသများတွင် ဖြစ်ပွားလေ့ရှိပါသည်။

**နောက်ဆက်တွဲပြဿနာများ**

ယခုအခါ နိုင်ငံတော်အစိုးရနှင့် အိမ်နီးချင်းနိုင်ငံများ၏ ပူးပေါင်းနှိမ်နင်းမှုများကြောင့် အွန်လိုင်းလိမ်လည်ဂိုဏ်းများ လျော့နည်းသွားပြီး လိမ်လည်သူများသည် ပြည်တွင်းရှိ နိုင်ငံသားများအား သားကောင်အဖြစ် ပစ်မှတ်ထား ရွေးချယ်လာနိုင်ပါသည်။ သို့ဖြစ်ရာ ပြည်တွင်းရှိဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများမှာ အွန်လိုင်းလိမ်လည်မှုအတွက် တလွဲအသုံးပြုခံရနိုင်ခြေ မြင့်မားလာပါသည်။ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် မိမိတို့ ဖောက်သည်များ၏ Mobile Wallet / Mobile Bank Account များ လုံခြုံမှုရှိစေရန်အတွက် လုံခြုံရေးစနစ်မြှင့်တင်ခြင်း၊ လက်ဗွေ၊ မျက်ကြည်လွှာ၊ မျက်နှာပုံသဏ္ဌာန် သို့မဟုတ် အသံစနစ်ဖြင့် အတည်ပြုသည့် လုံခြုံရေးစနစ် ထည့်သွင်းခြင်းများ ဆောင်ရွက်ခြင်းဖြင့် တားဆီးကာကွယ်ရမည် ဖြစ်ပါသည်။

ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်၊ ဖုန်းနံပါတ်နှင့် ကိုယ်ရေးအချက်အလက်များကို လုံခြုံစွာ သိမ်းဆည်းထားရန်နှင့် အလွယ်တကူ ပေးအပ်ခြင်းမပြုရန် လိုအပ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ Passwordနှင့် ကိုယ်ရေးအချက်အလက်များ တောင်းခံလာပါက တောင်းခံသည့်အဖွဲ့အစည်းအား စိစစ်အတည်ပြုခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိနှင့် ရင်းနှီးသိကျွမ်းခြင်းမရှိသည့် သို့မဟုတ် ယုံကြည်စိတ်ချရမှု မရှိသည့် အင်တာနက်စာမျက်နှာများသို့ ယုံကြည်မှုလွန်ကဲစွာ ဝင်ရောက်ခြင်း၊ Application များကို Download ဆွဲယူခြင်း၊ ကိုယ်ရေးအချက်အလက်ဖြည့်စွက်ခြင်းများကို ရှောင်ရှားရမည် ဖြစ်ပါသည်။

အွန်လိုင်းလိမ်လည်မှုသည် နစ်နာသူပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာကိုသာမက စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခြင်းကိုပါ ဖြစ်စေပါသည်။ အထူးသဖြင့် ငွေပမာဏများပြားသော လိမ်လည်ခံရမှု ဖြစ်စဉ်များတွင် လိမ်လည်ခံရသူများအတွက် ဂုဏ်သိက္ခာ ထိခိုက်ပြီး အရှက်ရစေခြင်း၊ စီးပွားရေးထိခိုက်ပြိုလဲပြီး စိတ်ဓာတ်ကျဆင်းခြင်းများမှ မိမိကိုယ်ကို သတ်သေခြင်း၊ မိသားစုပြိုကွဲခြင်းများအထိ ဖြစ်စေနိုင်ပါသည်။

ထို့ပြင် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဂုဏ်သတင်းအပေါ် ထိခိုက်နိုင်ပြီး ယုံကြည်အားထားရမှုကို လျော့နည်းစေပါသည်။ အွန်လိုင်းလိမ်လည်မှုသည် ပြည်သူများအပေါ် နစ်နာထိခိုက်စေသည်သာမက နိုင်ငံတော်၏ ဘဏ္ဍာရေးစနစ်ကိုပါ ထိခိုက်စေနိုင်ပါသည်။ အွန်လိုင်းလိမ်လည်ဂိုဏ်းများ၏ နယ်နိမိတ် အကန့်အသတ်ကို ကျော်လွှားကာ ကျူးလွန်နိုင်စွမ်းကြောင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်နိုင်သည်ဖြစ်ရာ လျစ်လျူရှုမထားသင့်ဘဲ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သော မှုခင်းအမျိုးအစားတစ်ခု ဖြစ်ပါသည်။

အွန်လိုင်းလိမ်လည်မှု ဖြစ်စဉ်များတွင် လိမ်လည်ခံရသူများသည် ငွေပမာဏနည်းပါးသည့် လိမ်လည်မှုများတွင် သတင်းပေးတိုင်တန်းမှုမရှိဘဲ အများအားဖြင့် ငွေပမာဏများပြားစွာ အလိမ်ခံရသည့် အချိန်မှသာ သတင်းပေးတိုင်တန်းတတ်ကြပါသည်။ လိမ်လည်ခံရသူများ၏ အမှုဖွင့်တိုင်တန်းလိုမှု မရှိခြင်းသည် အွန်လိုင်းလိမ်လည်မှုများကို သုတေသနပြုလုပ်ရန်နှင့် တားဆီးနှိမ်နင်းရန်အတွက် အခက်အခဲများ ဖြစ်စေနိုင်ပါသည်။

ယခုအခါ နိုင်ငံတော်အစိုးရက အွန်လိုင်းလိမ်လည်မှုကဲ့သို့သော ငွေကြေးဆိုင်ရာလိမ်လည်မှုများနှင့် ပြစ်မှုများပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန်နှင့် ပြစ်မှုများ လျော့နည်းပပျောက်စေရေး တားဆီးကာကွယ်နိုင်ရန်အတွက် ၂၀၂၄ ခုနှစ် မတ်လတွင် "ငွေကြေးလိမ်လည်မှုများအား အချိန်မီတားဆီးရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Action Task Force)" ကို ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် အင်တာနက်အွန်လိုင်းဆက်သွယ်မှု နည်းပညာဖွံ့ဖြိုးတိုးတက်နေသမျှ အွန်လိုင်းလိမ်လည်မှုများလည်း တိုးတက်ပြောင်းလဲနေမည် ဖြစ်ပါသည်။ အွန်လိုင်းလိမ်လည်မှုများကို အဖွဲ့အစည်းတစ်ခုတည်းဖြင့် တားဆီးကာကွယ်၍ မရဘဲ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ သက်ဆိုင်ရာကဏ္ဍမှ အဖွဲ့အစည်းများ၏ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်မှုများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အွန်လိုင်းလိမ်လည်မှု မှုခင်းများ၏ နယ်စည်းမခြား ကျူးလွန်နိုင်သည့် သဘောသဘာဝကြောင့် နိုင်ငံတကာနှင့်ပူးပေါင်း၍ ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် လိမ်လည်မှုများ လျော့နည်းကျဆင်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ။

# လေယာဉ်ပျက်ကျမှုအတွင်း မာလာဝီဒုတိယသမ္မတ သေဆုံးကြောင်း အတည်ပြု



လီလွန်ဂွေးလ် ဇွန် ၁၁

**တနင်္လာနေ့နံနက်ပိုင်းတွင် လေယာဉ်ပျောက်ဆုံးသွားပြီးနောက် မာလာဝီဒုတိယသမ္မတ ဆောလော့စ် ချီလီမာနှင့် စစ်ဘက်သုံးလေယာဉ်ပေါ်ပါ ကိုးဦးမှာ သေဆုံးသွားပြီဖြစ်ကြောင်း သမ္မတ လာဇရပ်ဖ် ချက်ခ်ဝီရာက အင်္ဂါနေ့တွင် ပြောသည်။**

ဆိုးရွားလှသော အဖြစ်ဆိုးကြီး ဖြစ်ပွားခဲ့မှုနှင့် ပတ်သက်ပြီး အားလုံးကို အသိပေးရသည့်အတွက် အလွန်အမင်း စိတ်မကောင်းဖြစ်မိကြောင်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့သည် ချီခန်ဂါဝါ သစ်တောရှိ တောင်ကုန်းတစ်ခုအနီးတွင် လေယာဉ်ကို တွေ့ရှိခဲ့ကြောင်း၊ လေယာဉ်မှာ အလုံးစုံပျက်စီးသွားခဲ့ပြီး လေယာဉ်ပေါ်ပါ ခရီးသည်အားလုံးမှာ အသက်ရှင်သူမရှိကြောင်း ရုပ်မြင်သံကြား မိန့်ခွန်းတွင် လာဇရပ်ဖ် ချက်ခ်ဝီရာက ပြောသည်။

ဒုတိယသမ္မတ ဆောလော့စ်ချီလီမာသည် မာလာဝီနိုင်ငံ၏ မြို့တော် လီလွန်ဂွေးလ်ရှိ တည်းခိုခန်းတစ်ခု၌ သေဆုံးသွားသော နိုင်ငံ၏ ရှေ့နေချုပ်နှင့် တရားရေးဝန်ကြီးဟောင်း ရီးလ်ကာဆမ်ဘာရာ၏ စျာပနအခမ်းအနားသို့ သောကြာနေ့တွင် သွားခဲ့ကြောင်း သိရသည်။ ရီးလ်ကာဆမ်ဘာရာ၏ အလောင်းကို အမ်ဇူဇူလေဆိပ်နှင့် ကီလိုမီတာ အနည်းငယ်ဝေးသော အင်န်ခါတာဘေမြို့ရှိ ၎င်း၏ ဇာတိရွာတွင် သင်္ဂြိုဟ်ခဲ့သည်ဟု ဆိုသည်။

လေကြောင်းထိန်းသိမ်းသူများက ရာသီဥတုဆိုးရွားပြီး မြင်ကွင်းမရှင်းလင်းမှုများကြောင့် အမ်ဇူဇူလေဆိပ်သို့ ဆင်းသက်ခြင်းမပြုရန်နှင့် လီလွန်ဂွေးလ်မြို့သို့ ပြန်လှည့်ရန် မာလာဝီကာကွယ်ရေးတပ်ဖွဲ့ ပိုင်ဆိုင်သော Donier 228 လေယာဉ်ကို ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက်တွင် ရေဒါမှ မပျောက်ဆုံးမီ ရာသီဥတုဆိုးရွားမှုကြောင့် လီလွန်ဂွေးလ်ရှိ ခမ်ဇူဇူအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဦးတည်ပြန်လှည့်သွားခဲ့ကြောင်း သိရသည်။ လေယာဉ်ပျောက်ဆုံးသည်ဟု ယူဆရသော ချီခန်ဂါဝါ သစ်တောဝန်းကျင်တစ်ဝိုက်ကို မွန်းလွဲပိုင်းတွင် လုံခြုံရေးအေဂျင်စီများက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



## ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဂါဇာတွင် အပစ်အခတ်ရပ်စဲရေးဆုံးဖြတ်ချက် ချမှတ်

**နယူးယောက် ဇွန် ၁၁**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ထုတ်ပြန်ကြေညာခဲ့သော အပစ်အခတ်ရပ်စဲရေး အစီအစဉ်သစ်တစ်ရပ်ကို သဘောတူလက်ခံရန် အစ္စရေးနှင့် ဟားမားစ်နှစ်ဖက်စလုံးကို တောင်းဆိုသော ဆုံးဖြတ်ချက်ကို ချမှတ်လိုက်ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်တွင် ရက်သတ္တခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ လွှတ်ပေးရေးပါဝင်သော အဆင့်သုံးဆင့်ပါ အဆိုပြုချက်ကို သမ္မတဘိုင်ဒင်က မေ ၃၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

လုံခြုံရေးကောင်စီထံ တင်သွင်းခဲ့သော အမေရိကန်၏ ဆုံးဖြတ်ချက်မူကြမ်းကို ဂျပန်နှင့် တရုတ်နိုင်ငံအပါအဝင် လုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅ နိုင်ငံအနက် ၁၄ နိုင်ငံက ဆုံးဖြတ်ချက်ချမှတ်ရန် မဲပေးခဲ့ကြကြောင်း သိရသည်။

လုံခြုံရေးကောင်စီက ဟားမားစ်ထံသို့ ရှင်းလင်းသောသတင်းစကားပေးပို့ခဲ့ပြီး ဆွေးနွေးပွဲပြုလုပ်ကာ သဘောတူညီချက်ကို လက်ခံပေးရန် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် သောမတ်စ် ဂရင်းဖီးလ်က ပြောသည်။ ထို့ပြင် အစ္စရေးက သဘောတူညီချက်ကို သဘောတူထားပြီးဖြစ်သည့်အတွက် ဟားမားစ်ကသာ ထိုကဲ့သို့ လုပ်ဆောင်လျှင် တိုက်ပွဲဖြစ်ပွားမှု ရပ်တန့်နိုင်မည်ဟု ၎င်းက ဆက်ပြောသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ချမှတ်မှုက အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိရန် နှစ်ဖက်စလုံးကို ဖိအားပေးနိုင်မည်လားဆိုသည်ကို စိတ်ဝင်စားနေကြသည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် အပူလှိုင်းကျရောက်မည်

**နယူးဒေလီ ဇွန် ၁၁**

ပြင်းထန်သော အပူလှိုင်းများသည် အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်းနှင့် အရှေ့ပိုင်းသို့ လာမည့် ငါးရက်အတွင်း ကျရောက်နိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ဇွန် ၁၁ ရက်က ဖော်ပြခဲ့သည်။ မိုးလေဝသဌာန၏ ခန့်မှန်းချက်အရ အပူလှိုင်းကျရောက်မည့် ပြည်နယ်များမှာ ဘီဟာ၊ အနောက်ဘင်္ဂလား၊ ဥတ္တရာပရာဒေ့ရှ်နှင့် ဂျာခန်းတို့ဖြစ်ကြောင်း သိရသည်။

ဇွန် ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဥတ္တရာပရာဒေ့ရှ်၊ ဒေလီနှင့် မာဒရာပရာဒေ့ရှ်မြောက်ပိုင်းဒေသ အတော်များများ၊ ဟာယာနာ၊ ဘီဟာနှင့် ဂူဂျာရတ်ပြည်နယ်များတွင် အပူချိန်သည် ၄၂ မှ ၄၅ ဒီဂရီဆဲလ်စီးယပ်အထိ ရှိခဲ့သည်။ အဆိုပါဒေသများတွင် ကျရောက်သော အပူချိန်သည် သာမန်အပူချိန်ထက် ၂ မှ ၄ ဒီဂရီဆဲလ်စီးယပ်အထိရှိကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

ဇွန် ၁၀ ရက်က ဥတ္တရာပရာဒေ့ရှ်ပြည်နယ် အရှေ့ဘက်ပရာယာဂါရက်ချ်တွင် အပူချိန်သည် ၄၅ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်အထိရှိသည်။ မတ်လမှ မေလအထိ အပူလှိုင်းဖြတ်သန်းမှုများကြောင့် ၅၆ ဦး သေဆုံးပြီး ၂၅၀၀၀ နီးပါး အပူလျှပ်ဝေဒနာ ခံစားခဲ့ရကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**



## ဗီယက်နမ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း၊ သုံးဦးသေဆုံး

**ဟန္ဓိုင်း ဇွန် ၁၁**

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီးနောက် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း တောင်ကုန်းထူထပ်သောဒေသတွင် သုံးဦး သေဆုံးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး အမျိုးသားကော်မတီက ဇွန် ၁၁ ရက်တွင် ဖော်ပြခဲ့သည်။

ဟာရှန်းပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် လူနှစ်ဦး ရေနစ်သေဆုံးခဲ့ပြီး တခြားတစ်ဦးမှာ မြေပြိုမှုကြောင့် သေဆုံးခဲ့ကြောင်း အဆိုပါကော်မတီက ဖော်ပြခဲ့သည်။ အဆိုပါဒေသတွင် အိမ်ခြေ ၂၄၀၀ ကျော်လည်း ရေနစ်မြုပ်ခဲ့သည်။ ဟာရှန်းပြည်နယ်သည် ရေကြီးမှုကို အဆိုးရွားဆုံးခံစားခဲ့ရပြီး လွန်ခဲ့သော ရက်အနည်းငယ်အတွင်း မိုးရေချိန်လက်မ ၁၀၀ မှ ၄၀၀ မီလီမီတာ အထိရှိခဲ့သည်။

ဟာရှန်းပြည်နယ်သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀အတွင်း အဆိုးရွားဆုံး ရေကြီးမှုဒဏ်ကို ခံစားခဲ့ရခြင်းဖြစ်သည်။ ဇန်နဝါရီလမှ မေလအထိ ဗီယက်နမ်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်း ၃၉ ဦး သေဆုံးခဲ့ကြောင်း ဗဟိုစာရင်းရုံး၏ အချက်အလက်များအရ သိရသည်။

ဖော်ပြပါကာလအတွင်း သဘာဝဘေးအန္တရာယ်များကြောင့် စီးပွားရေးဆုံးရှုံးမှုပေါင်း ဗီယက်နမ်ဒေါင် ၉၉၆ ဒသမ ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၂ သန်း) အထိရှိခဲ့ပြီး အဆိုပါပမာဏသည် လွန်ခဲ့သော ၂၀၂၃ ခုနှစ် အလားတူကာလထက် ၂ ဒသမ ၃ ဆပိုများခဲ့သည်။

**ဆင်ဟွာ**



## တရုတ်နိုင်ငံ စီချွမ်းပြည်နယ်၌ မြေပြိုမှုဖြစ်ပွားပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိ

**စီချွမ်း ဇွန် ၁၁**

တရုတ်နိုင်ငံ စီချွမ်းပြည်နယ် အနောက်တောင်ပိုင်း ယားကျန့်စီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့သည်။ မြေပြိုမှုကြောင့် လူနှစ်ဦး ပျောက်ဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက ဇွန် ၁၁ ရက်က ပြောကြားလိုက်သည်။

မြေပြိုမှုသည် ဂါဇီး တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ယားကျန့်စီရင်စုရှိ အမျိုးသားအဆင့်နှင့် ပြည်နယ်အဆင့်လမ်းမကြီးအနီးတွင် ဇွန် ၁၀ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့သည်။

လတ်တလောတွင် မြေပြိုမှုကြောင့် နှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း စီချွမ်းပြည်နယ် ရေအရင်းအမြစ်အသုံးချဌာနက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## မြန်မာစာ မြန်မာစကား

"**ကို**" သုံးရမည့်နေရာတွင် "**အား**" ကို လွဲမှားသုံးတတ်ကြသည်။

၁။ (က) ငွေစာရင်းရှင်းတမ်းများ **အား** ဖတ်ကြားအတည်ပြုကာ အမှုဆောင်များ ရွေးချယ်ပြီး ... (မသင့်)

( ခ ) ငွေစာရင်းရှင်းတမ်းများ **ကို** ဖတ်ကြားအတည်ပြုကာ အမှုဆောင်များ ရွေးချယ်ပြီး ...(သင့်)

၂။ (က) လျှင်ကြောကြီးတစ်ခု**အား** လေ့လာစူးစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း ...(မသင့်)

( ခ ) လျှင်ကြောကြီးတစ်ခု**ကို** လေ့လာစူးစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း ... (သင့်)




၃။ (က) မြန်မာ့ရိုးရာအတွေးအခေါ်ကို မဖော်ထုတ်မီ ဤအတွေးအခေါ်**အား** ဖော်ထုတ်ရန်အတွက် ... (မသင့်)

( ခ ) မြန်မာ့ရိုးရာအတွေးအခေါ်ကို မဖော်ထုတ်မီ ဤအတွေးအခေါ်**ကို** ဖော်ထုတ်ရန်အတွက် ... (သင့်)

သဒ္ဒါသဘောအရ "**ကို**" သုံးရမည်ဖြစ်သော်လည်း **နှစ်သက်မြတ်နိုးခြင်း၊ အလေးအမြတ်ပြုခြင်း** သဘောတို့ကို ဖော်ပြလိုသောအခါ "**ကို**" အစား "**အား**" ကို သုံးကြသည်လည်းရှိသည်။

၁။ အရှင်မြတ်**အား** မပြတ်ဖူးမြင်လိုပါသည်။

၂။ ရသေ့**အား** ရှိခိုးစိမ့်သောငှာ




၃။ နိုင်ငံတော်အလံအား လှိုက်လှဲစွာ ကြိုဆိုပါ၏။

မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကျောက်မဲမြို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**သီပေါ ဇွန် ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ပတ္တမြားခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေက အမှာစကားပြောကြားပြီး ကျောက်မဲခရိုင် ပညာရေးမှူး ဦးကျော်ရွှေက ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များ၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စိုးဝင်းနိုင်၊ မွေးမြူရေးနှင့် စပ်လျဉ်းသော ကိစ္စရပ်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ဆွေဆွေမြင့်က မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ဓာတ်မြေဩဇာ သုံးစွဲရေးဆိုင်ရာများ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းမှ စက်မှုကထိက ဒေါ်ဝါဝါဝင်းက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ အတတ်ပညာနှင့် မွေးမြူရေးအတတ်ပညာများ အထက်တန်းပညာနှင့် တွဲဖက်၍ သင်ကြားပေးမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးကြရာ သိရှိလိုသည့်အချက်များ ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းကို Grade-9 အောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ကြကြောင်း သိရသည်။

**စိုင်း (သီပေါ)**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၆ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၅၀ ကျပ် | ၂၄၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၉၅ ကျပ် | ၂၅၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၁၅ ကျပ် | ၂၆၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၀၀၀ | ၁၂၇၈ | ၁၁၅၈၃၉၀၀ |
| MTSH | ၃၂၅၀ | ၃၁၅၀ | ၃၅၁၉၆ | ၁၁၄၂၄၆၀၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၄၂ | ၃၅၂၈၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၆၅၄၃ | ၁၁၃၁၃၃၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၅၅ | ၁၅၆၇၅၀ |
| EFR | ၁၈၀၀ | ၁၈၅၀ | ၅၆၃ | ၁၀၂၅၅၅၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၆၁ | ၂၉၂၈၀၀ |
| MAEPC | ၃၄၀၀ | ၃၄၅၀ | ၁၅၆၄ | ၅၃၄၆၀၅၀ |

## ၂၀၂၄ ခုနှစ် ဇွန်လ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့ တို့တွင် ငါးပေမှ ကိုးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့ တို့တွင် သုံးပေမှ ငါးပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ခြောက်ပေမှ ၁၁ ပေခန့် လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်နှင့် ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များ အထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ငါးပေခန့်၊ ဒုဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ ဝေနံမြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ငါးပေခန့်၊ ဝေနံမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ငါးပေခန့်နှင့် သာပေါင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**



### ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အခွန် ဦးစီးဌာနမှူးရုံးများအနေဖြင့် အခွန်ပညာပေးဆွေးနွေးမှု လုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများအနေဖြင့် ဇွန် ၁၀ ရက်မှစတင်၍ အခွန်ပညာပေး ဆွေးနွေးပွဲများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ကျင်းပလျက်ရှိရာ ဇွန် ၁၀ ရက်တွင် ဗဟန်းမြို့နယ် အခွန်ဦးစီးဌာနမှူးက စားသောက်ဆိုင်၊ ရွှေဆိုင်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း/အင်း၊ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများကို ရောင်းချလျက်ရှိသည့် လုပ်ငန်းရှင်များအား ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုက်နာရမည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များအား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါ အခွန်ပညာပေးရှင်းလင်းပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် ၁၃၆ ဦး တက်ရောက်ပြီး တက်ရောက်လာသူများကို အခွန်ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ပြည်တွင်းအခွန်များဦးစီးဌာနသည် နိုင်ငံတော်မှကောက်ခံသော အခွန်အကောက်ရငွေ စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော်ကို နှစ်စဉ် ကောက်ခံပေးလျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုံလောက်သည့်ဘဏ္ဍာငွေများ တိုးမြှင့်ရရှိနိုင်ရန်နှင့် ဘဏ္ဍာနှစ်အလိုက် ကောက်ခံရန်လျာထားသည့် အခွန်ငွေများ ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

## သာပေါင်းမြို့နယ်၌ စားအုန်းဆီတစ်ပိဿာ ကျပ် ၆၀၀၀ ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**သာပေါင်း ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကုန်ဈေးနှုန်း ထိန်းညှိလျှော့ချရေးကော်မတီအဖွဲ့နှင့် မြို့နယ်ဆီကုန်သည်များနှင့် မြို့နယ်ဆီလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ ဇွန် ၁၁ ရက် နံနက် ၇ နာရီက အခွန်လွတ်ဈေးတွင် စားအုန်းဆီ တစ်ပိဿာ ကျပ် ၆၀၀၀ ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။



ကုန်ဈေးနှုန်း ထိန်းညှိလျှော့ချရေးလုပ်ငန်းစဉ်၌ ပါဝင်သော စားအုန်းဆီဈေး တည်ငြိမ်ကျဆင်းရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ အခွန်လွတ်ဈေးတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ကုန်ဈေးနှုန်း ထိန်းညှိလျှော့ချရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းမင်းလတ်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဆီကုန်သည်များနှင့် မြို့နယ် ဆီလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ စားအုန်းဆီ တစ်ပိဿာ ကျပ် ၆၀၀၀ ဈေးနှုန်းဖြင့် ပြည်သူများကို (ဇွန် ၁၁ ရက်မှ ဇွန် ၁၅ ရက်အထိ) စားအုန်းဆီ ၁၃ ပီပါ၊ ပိဿာ ၁၄၃၀ အား ပြင်ပဈေးနှုန်းထက် သက်သာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ကုန်ဈေးနှုန်း ထိန်းညှိလျှော့ချရေး ကော်မတီအတွင်းရေးမှူး ဦးထွန်းမင်းလတ်ထံမှ သိရသည်။

**သာပေါင်း (ပြန်/ဆက်)**

### ပြင်ဦးလွင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

**ပြင်ဦးလွင် ဇွန် ၁၁**

ပြင်ဦးလွင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းကို ယနေ့နံနက် ၇ နာရီက ဈေးလေးမီးပွိုင့်လမ်းဆုံ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝဏ္ဏစိုးအောင်နှင့် ပြင်ဦးလွင်ခရိုင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးတို့က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး နံရံကပ်ပိုစတာများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ ပေးအပ်သည်။ ဆက်လက်၍ ပြင်ဦးလွင်ခရိုင် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း၊ ခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြင်ဦးလွင်ခရိုင်ဦးစီးမှူး ဦးကျော်လွင်ဦးနှင့် မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းတို့က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့ အသိပညာပေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ဖြူလူသစ် (ခရိုင် ပြန်/ဆက်)**



## တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်သည့် Nissan AD Station Wagon ခုနစ်စီး၊ Daihatsu Hijet ခြောက်စီး၊ Honda Fit သုံးစီး၊ Nissan Vanette နှစ်စီးနှင့် Mazda Bongo တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၉,၀၀၀,၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ နမ့်ခမ်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Floral Foam ၃၅၇ ကီလိုဂရမ်၊ Plastic Spray Head ၁၂၅ ကီလိုဂရမ်၊ Ceramic Tiles ၄၈၀၀ ချပ် အပါအဝင် လူသုံးကုန်ပစ္စည်း ၂၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇,၇၀၇,၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor တစ်စီး၊ Hino Ranger Truck တစ်စီး၊ စက်မှုဇုန်ထုတ် Shwe Tu Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆,၀၀၀,၀၀၀)နှင့် ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Hot Plate ၂၂၀၈ ခု အပါအဝင် လူသုံးကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈,၂၃၆,၇၃၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mistsubishi Fuso Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၅,၀၀၀,၀၀၀)တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ရွှေကျင် စစ်ဆေးရေးစခန်း၌ ဆီသယ်ယာဉ်တစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ပရီမီယမ်ဒီဇယ်ဆီ ဂါလန် ၇၈၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆,၂၄၀,၀၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီးနှင့် ဆီသယ်နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀,၀၀၀,၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃,၁၈၃,၇၃၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၃၁)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၂,၁၈၃,၇၃၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
## ဝင်ငွေခွန်ကြေညာလွှာ/ လစာနှစ်ချုပ်စာရင်း/ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့်ကာလ) သတ်မှတ်ချက်မှာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသော ရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website Home Page ရှိ e-Registration Service Login Here မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ်အခွန်ကြေညာလွှာ တင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသောတစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန် ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရန်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့်တင်သွင်းနိုင်ပါသည် –

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက် တံဆိပ်ပါရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့်ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System) ကို အသုံးပြု၍ ကြေညာလွှာ တင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာ တင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာ တင်သွင်းပုံအဆင့်ဆင့် ဗွီဒီယိုဖိုင် (User Guide Video Files)များကို ပြည်တွင်း အခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.ird.gov.mm တွင် လေ့လာနိုင်ပါသည်။

**(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးများနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာတင်သွင်းကြရန်ဖြစ်ပါသည်။)**

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် –

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို www.ird.gov.mm တွင် လည်းကောင်း၊ သက်ဆိုင်ရာ အခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည်ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့်ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ် ရေးထိုးရန် လိုအပ်ပါသည်။

(ဃ) အခွန်ထမ်းကုမ္ပဏီအသစ်များအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန် ကြေညာလွှာတင်သွင်းမှုစနစ်အား အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်း၏လက်မှတ်မှတ်တမ်း (မူရင်း) ကို သက်ဆိုင်ရာအခွန်ရုံးထံ သင့်ရာနည်းဖြင့် မပျက်မကွက် ကြိုတင်ပေးပို့ရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ (တနင်္လာနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန်ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည် –

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့်အချိန်ကာလအထိ ကြေညာလွှာ တင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာ တင်သွင်းရမည့်သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်–

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်–၀၁–၈၃၈၉၃၁၁၊ ၀၁–၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်–၀၆၇–၃၄၃၀၅၂၂၊ ၀၆၇–၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်–၀၂–၄၀၃၀၁၉၂၊ ၀၂–၄၀၃၀၆၃၇၊ ၀၂–၄၀၃၀၆၃၈၊ ၀၂–၄၀၃၀၆၃၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## အမည်ပြောင်း

ရေဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ နတ်မော်လမ်းနေ ဦးအောင်ကျော်မင်း၏သား မောင်ပြည့်ဖြိုးအောင်အား မောင်ဘုန်းသစ်ကျော်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်ဘုန်းသစ်ကျော်**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးသာခင်၏ သား ထွန်းဇော်ဦး ၅/ကသန(နိုင်)၀၆၈၇၅၃ ၏ နိုင်ငံကူးလက်မှတ် (MA-970771) သည် ခရီးသွားရင်း ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၆၀၆၆၃၈၈၆

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်းနှင့် ပြည်လမ်းထောင့်၊ Diamond Condo, Tower (A)၊ အခန်းအမှတ်(0706)၊ (၇)လွှာ၊ အကျယ်အဝန်း(၁၃၅၀)စတုရန်းပေ ခန့်ရှိ ဓာတ်လှေကားပါ ကွန်ဒိုတိုက်ခန်းနှင့် တကွ ယင်းကွန်ဒိုတိုက်ခန်းနှင့် တွယ်ကပ်ဆက်စပ်လျက်ရှိသည့် ပစ္စည်းများနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့သည် မူလပိုင်ရှင်ထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူထားပြီး Diamond Condo စီမံခန့်ခွဲရေးဌာန၌ ဒေါ်ယုယုနွယ်(၈/မဘန(နိုင်)၀၆၇၆၆၀)မှ အမည်ပေါက်ရရှိပိုင်ဆိုင်ထားပါသည်။ ၄င်းထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၆-၂-၂၀၂၃)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၃၆၉/၂၀၂၃)အရ ကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဦးမျိုးခိုင်(၈/မဘန(နိုင်)၀၂၁၄၈၅)သည်အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၄င်းကိုယ်တိုင်တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၄င်းထံမှ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီတရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဒေါ်မွန်မွန်ဦး ( LL.B, LL.M) | ဒေါ်ညိုမာ (LL.B) အထက်တန်းရှေ့နေ(စဉ်–၃၅၇၇၆) |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၈၃၆) | အခန်းအမှတ် (308)၊ Office Tower (3), Time City, |
| | ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ |
| | ဖုန်း – ၀၉–၄၃၀၆၆၅၈၀၊ ၀၉–၉၆၀၇၂၀၃၇၄ |

## တိုက်ခန်းဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ဌာနလမ်း၊ အမှတ်(၈၃) (ပထမထပ်)အခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်ပါကြောင်းဝန်ခံသူ ဒေါ်မေသစ်လွင်(၁၂/ကမတ(နိုင်)၀၆၁၃၃၇) ထံမှ ကျွန်မ ဒေါက်တာ ဒေါ်သင်းသင်းဦး(၁၄/ပသန(နိုင်)၁၉၆၅၆၈)သည် (၉-၅-၂၀၂၄)ရက်တွင် တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ် ချုပ်ဆိုပြီး ဝယ်ယူကာ လက်ရောက်ရယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါက်တာ ဒေါ်သင်းသင်းဦး(၁၄/ပသန(နိုင်)၁၉၆၅၆၈)**
**ဖုန်း–၀၉ ၅၅၃၄၅၆၇**




## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုညဝမ္မနလမ်း၊ အမှတ်(၂၇)၊ မြေညီထပ်၊ ခြေရင်းခန်း၊ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိမိမွှေး ၁၂/ကမန(နိုင်)၀၅၅၄၆၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဒေါ်ရတနာငွေး | ဒေါ်သက်သက်မိုး(LL.B) |
| (LL.B,D.B.L,C.B.L,WIPO(SWITZERLAND) | အထက်တန်းရှေ့နေ |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၃၂၉) | (စဉ်–၅၆၂၀၇) |
| ဖုန်း–၀၉–၄၂၀၀၃၃၇၉,၀၉–၄၂၀၀၉၅၂၂၀ | ဖုန်း–၀၉–၄၂၇၆၆၈၆၃၃ |

အမှတ်–၃၈(မြေညီ)၊ နိဗ္ဗာန်လမ်း၊ သာစုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁ နှင့်–၅)
## ဇမ္ဗူသီရိမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၁

| | | |
|---|---|---|
| ဦးတင်အောင်ခိုင် | နှင့် | ဒေါ်အိအိဖွေး |
| (တရားလို) | | (တရားပြိုင်) |

ဒေါ်အိအိဖွေး(ဘ)ဦးလှထွန်း အမှတ်(၄၁၃၈)၊ ရာဇဌာနီလမ်း၊ ဘောဂဝတီရပ်ကွက်၊ ပျဉ်းမနားမြို့(ယခုနေရပ်လိပ်စာမသိသူ)နေသူသိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေ လိုမှုနှင့်" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်(၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၃ ရက်)မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပြည့်စုံကျော်)
မြို့နယ်တရားသူကြီး
ဇမ္ဗူသီရိမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ဇာတိဂုတ်လမ်း၊ အမှတ်(၁၃၂၇)၊ မြေညီ ခြေရင်းခန်း အကျယ်(၁၅x၅၀)ပေရှိ တိုက်ခန်းကိုဝယ်ယူလက်ရှိပိုင်ဆိုင်သူ ဒေါ်အေးအေးမိုး (၁၂/ကတတ(နိုင်)၀၁၄၂၂၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် တိုက်ခန်းကို အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်အား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကျော်မိုးလွင် (LL.B. D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၀၇၈)
မ–၁၈၂၊ မင်းနန္ဒာလမ်း၊ ၂၃ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊
ဖုန်း– ၀၉–၄၂၁၀၅၆၂၆၈

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ–၂၀)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် –၇၂

| | | |
|---|---|---|
| ဒေါ်နီလာဝင်း | နှင့် | Mrs Li Li (Managing Director) Tianjin Fashion Origian Internation Co.Ltd |
| (တရားလို) | | (တရားပြိုင်) |

အမှတ်(၃၉၀/၃၉၁)၊ ဆိပ်ကမ်းသာလမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ Mrs. Li Li(Managing Director) Tianjin Fashion Origian Internation Co.,Ltd(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုနှင့်တရားပြိုင်တို့ချုပ်ဆိုထားသော (၂၃-၇-၂၀၁၉)ရက်စွဲပါ မြေနှင့်အဆောက်အအုံငှားရမ်းခြင်း ကတိစာချုပ်အား ပယ်ဖျက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ(၂၁)ရက် (၁၃၈၆ ခုနှစ်၊ နယုန်လပြည့်)နေ့ မွန်းမတည့်မီ(၁၀:၀၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်လင်းထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၄၀၈–A၊ (၂/က)စံပြရပ်ကွက်၊ ခတ္တာလမ်း၊ မြေကွက်အမှတ် (၁၀၀) ဟုခေါ်တွင်သော အလျား(၃၃'၆") x အနံ(၆၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၄၆ ဧက မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်သည် နှစ်(၆၀)ဂရန်မြေအမျိုးအစားဖြစ်ပြီး ဗိုလ်ကြီး မင်းကိုကို(ငြိမ်း)အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးတွင် အမည်ပေါက်လျက်ရှိကြောင်း၊ ၎င်းထံမှ ဝယ်ယူခဲ့၍ ဦးဇော်ဝင်း ၁၂/အစန(နိုင်)၀၅၇၆၈၉ မှ တရားဝင်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်ဆန်း ၁၃/တကန(နိုင်)၁၅၀၁၆၇ မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ် ရာ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက သတ်မှတ်ထားသည့်ရက်တွင် အရောင်းအဝယ်အား ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်သန္တာလွင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၇၈၆၇)
အမှတ်–၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံ၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း–၀၉–၅၄၁၂၅၆၇

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-(၅၀)

| | | |
|---|---|---|
| မန်နေဂျာ | နှင့် | ၁။ ဦးခန့်ဇင်ဝင်း |
| မြန်မာ့စီးပွားရေးဘဏ် | | ၂။ ဒေါ်မေခြူးကို |
| ပြည်မြို့ | | |
| (တရားလို) | | (တရားပြိုင်များ) |

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ပေါင်းတလည်၊ ဖြူးကုန်းရပ်၊ ကျောင်းရွာရပ်နေ တရားပြိုင် ဦးခန့်ဇင်ဝင်း(ဇနီး)ဒေါ်မေခြူးကို (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်တို့အပေါ်၌ တရားလို မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်မြို့က"(၁၉-၃-၂၀၁၈)ရက်စွဲပါ ကတိပဋိညာဉ်အတိုင်း ဘဏ်ချေးငွေအရင်းအတိုး ပြန်လည်ပေးဆပ်စေလိုမှုကို လျှောက်ထားတရားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၇ရက်(၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၆ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေကဆုန်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပြည်ခရိုင်တရားရုံး**

## အမည်ပြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ အထက(၅)Grade-8 မှ မဟွမ်လိတ်အား ယနေ့မှစ၍ မအိအိဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန် ဖြစ်ပါသည်။

**မအိအိဖြိုး**
**ဗန်းမော်မြို့**

## ဖခင်အမည်မှန်

မုံရွာမြို့၊ မြဝတီရပ်ကွက်၊ မဟာကန်ဦးဘုန်းတော်ကြီးသင်ပညာ ရေးကျောင်း Grade-5တွင် ပညာသင်ကြားနေသော မောင်ဟန်သူရိန်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးထက်မြတ်ဝင်း ၅/မရန(နိုင်) ၁၅၅၇၇၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ စက်ရုံရပ်ကွက်မှ မကွေးမြို့၊ လမ်းပြကြယ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-11တန်းတွင် ပညာသင်ကြားနေသော မနီလာဖြိုး၏ ဖခင် ဦးအောင်ကျော်မိုး၏ အမည်မှန်မှာ ဦးကျော်မိုး ၈/မလန(နိုင်)၀၅၈၉၈၇ ဖြစ်ပါကြောင်း။ **ဦးကျော်မိုး**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၅-၂၀၂၄ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၄)၊ ယာဉ်အမှတ် 2N/8556 ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ကညန၊ လှိုင်ကော် အစား ကညန၊ တောင်ကြီး ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်

ဖခင်ဦးဇံတာရာ ၈/အလန(နိုင်)၁၃၄၂၈၉၏ သမီး အောင်လံမြို့နယ်၊ အထက(၃)ရွာထောင်ကျောင်း Grade-9 တွင် ပညာသင်ကြားနေသော မမြဲအိန္ဒြာပို၏ အမည်မှန်မှာ မမေကြယ်ခူး ၈/အလန(နိုင်)၂၆၆၅၁၁ ဖြစ်ပါကြောင်း။ **မမေကြယ်ခူး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်တော် ဦးချစ်ကိုကို ၁၂/သဃက(နိုင်)၁၆၇၇၆၂၏ ဖခင် ဦးမောင်မောင်လေးနှင့် ဦးမောင်လေးသည် အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်မောင်လေး(ခ)**
**ဦးမောင်လေး**

## မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့၊ အမှတ်(၅)ရပ်ကွက် တောင်သာဘူတာအနီး အကွက်အမှတ်(၂၃/၂၅) အကျယ်အဝန်း (အလျား၆၀၀ပေ x အနံ၂၀၀ပေ) ရှိ မြန်မာ့မီးရထားပိုင်မြေနေရာတွင် မင်္ဂလာရွှေတောင်ကြီးကုမ္ပဏီမှ တည်ဆောက်ပြီးစီးသော ဈေးဆိုင်ခန်းများနှင့်ပတ်သက်၍ ဆိုင်ခန်းငှားရမ်းခွင့်ရရှိထားသူများ သိရှိစေရန်ကြေညာခြင်း

(က)

၁။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့၊ အမှတ်(၅)ရပ်ကွက် တောင်သာဘူတာအနီး အကွက်အမှတ်(၂၃/၂၅)အကျယ်အဝန်း(ပေ၆၀၀x ပေ ၂၀၀)ရှိမြန်မာ့မီးရထားပိုင်မြေနေရာတွင် မင်္ဂလာရွှေတောင်ကြီးကုမ္ပဏီမှတည်ဆောက်ပြီးစီးသောဈေးတွင်ဆိုင်ခန်းငှားရမ်းခမှတ်ပုံတင် ကြေးပေးသွင်းရန်ကျန်ရှိသောအောက်ဖော်ပြပါဆိုင်ခန်းများကို (၃၀-၁၁-၂၀၂၂)ရက်နေ့မှစတင်ကာ ဆိုင်ခန်းငှားရမ်းခမှတ်ပုံတင်ကြေးပေးသွင်းပြီး ဆိုင်ခန်းများဖွင့်လှစ်နိုင်ရန် ကြေညာ အကြောင်းကြားခဲ့ပါသည်။

၂။ မူလနှစ်ဦးသဘောတူ ဆိုင်ခန်းငှားရမ်းခြင်း စရန်ပေးကတိစာချုပ်အရ ဆိုင်ခန်းများ ဆောက်လုပ်ပြီးစီးချိန်တွင် ဆိုင်ခန်းငှားရမ်းခများအပြေအကြေ မပေးသွင်းနိုင်ပါက ဆိုင်ခန်းအပ်နှံပေးမည်မဟုတ်ကြောင်းကို သဘောတူညီပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဆိုင်ခန်းငှားရမ်းခမှတ်ပုံတင်ကြေးပေးသွင်းပြီး ဆိုင်ခန်းများ ဖွင့်လှစ်နိုင်ရန်(၂၀၂၄ခုနှစ်-ဇွန်လ-၃၀ရက်)ထက်နောက်မကျဘဲမင်္ဂလာရွှေတောင်ကြီး ကုမ္ပဏီသို့ ဆက်သွယ်တွေ့ဆုံနိုင်ပါရန် နောက်ဆုံးအကြိမ်အသိပေးပါကြောင်း နှင့် သက်မှတ်ရက်အတွင်းဆိုင်ခန်းငှားရမ်းခများအပြေအကြေမပေးသွင်းနိုင်ပါက အဆိုပါဆိုင်ခန်းများကို ဈေးကော်မတီပိုင်အဖြစ် သိမ်းယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆိုင်ခန်းအမှတ်(၁၆)(၂၇)(၂၈)(၄၀)(၄၄)(၄၅)(၅၂)(၅၃)(၅၄)(၅၅)(၅၆)(၅၇)(၆၅)(၁၁၀)(၁၂၄)(၁၂၅)(၁၂၆)(၁၂၇)(၁၂၈)(၁၃၄)။

(ခ)

၁။ မန္တလေးတိုင်းဒေသကြီး၊မြင်းခြံခရိုင်၊တောင်သာမြို့၊ အမှတ်(၅)ရပ်ကွက် တောင်သာဘူတာအနီးအကွက်အမှတ်(၂၃/၂၅)အကျယ်အဝန်း (၆၀၀ပေx ၂၀၀ပေ) ရှိ မြန်မာ့မီးရထားပိုင်မြေနေရာတွင် မင်္ဂလာရွှေတောင်ကြီးကုမ္ပဏီမှတည်ဆောက်ပြီးစီးသောဈေးသစ်ကြီးကို (၃၁-၁၁-၂၀၂၂)ခုနှစ်တွင် ဥပဒေနှင့်အညီ လူသိထင်ရှား၊ အောင်မြင်စည်ကားစွာဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။

၂။ ဆိုင်ခန်းငှားရမ်းခမှတ်ပုံတင်ကြေးပေးသွင်းပြီးဖြစ်သော အောက်ဖော်ပြပါဆိုင်ခန်းများကိုလည်း (၃၀-၁၁-၂၀၂၂)ရက်နေ့မှ စတင်ကာဈေးဆိုင်ခန်းများတွင် ဈေးရောင်းချဖွင့်လှစ်နိုင်ရန်ကြေညာအကြောင်းကြားခဲ့ပါသည်။ သို့သော် အဆိုပါဆိုင်ခန်းများသည်ယနေ့အချိန်အထိလာရောက်ဖွင့်လှစ်ဈေးရောင်းချရန် ပျက်ကွက်နေခြင်း၊ နှစ်စဉ်မှတ်ပုံတင်နိုင်ရန် ကျော်လွန်နေခြင်း၊ လစဉ်ဆိုင်ခန်းလခများတောင်းခံ၍မရရှိခြင်းတို့ကြောင့် (၂၀၂၄ ခုနှစ်-ဇူလိုင်လ-၃၁ရက်)ထက်နောက်မကျဘဲ မင်္ဂလာရွှေတောင်ကြီးကုမ္ပဏီသို့ဆက်သွယ်၊ တွေ့ဆုံနိုင်ပါရန် နောက်ဆုံးအကြိမ်အသိပေးပါကြောင်းနှင့် သက်မှတ်ရက်အတွင်းဆိုင်ခန်းများ ဖွင့်လှစ်ဈေးရောင်းချခြင်းမရှိပါက၎င်းဈေးဆိုင်ခန်းများအား ဆိုင်ခန်းအလွတ်အဖြစ် သတ်မှတ်ပြီးအဆိုပါဆိုင်ခန်းများကို ဈေးကော်မတီပိုင်အဖြစ်သိမ်းယူသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆိုင်ခန်းအမှတ်(၁)(၂)(၇)(၈)(၉)(၁၀)(၁၁)(၁၂)(၁၃)(၁၄)(၁၅)(၁၇)(၁၈)(၁၉)(၂၀)(၂၁)(၂၂)(၂၄)(၂၅)(၂၆)(၂၉)(၃၀)(၃၁)(၃၂)(၃၃)(၃၄)(၃၅)(၃၆)(၃၇)(၃၈)(၃၉)(၄၁)(၄၂)(၄၃)(၄၆)(၅၀)(၅၁)(၅၈)(၅၉)(၆၀)(၆၁)(၆၂)(၆၃)(၆၄)(၆၇)(၆၈)(၆၉)(၈၉)(၉၀)(၉၁)(၉၂)(၉၃)(၉၄)(၉၅)(၉၆)(၉၇)(၉၈)(၉၉)(၁၀၁)(၁၀၂)(၁၀၃)(၁၀၄)(၁၀၅)(၁၀၆)(၁၀၇)(၁၀၈)(၁၀၉)(၁၁၁)(၁၁၂)(၁၁၃)(၁၁၄)(၁၁၅)(၁၁၆)(၁၁၇)(၁၁၈)(၁၁၉)(၁၂၀)(၁၂၁)(၁၂၂)(၁၂၃)(၁၂၉)(၁၃၀)(၁၃၂)(၁၃၃)။

**မင်္ဂလာရွှေတောင်ကြီးကုမ္ပဏီ**
**(ဈေးဆိုင်ခန်းများ တည်ဆောက်လုပ်ပိုင်ခွင့်ရရှိသူ)**

## ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုရန် အထိမ်းအမှတ်တံဆိပ် (Logo) ရေးဆွဲပြိုင်ပွဲ ကျင်းပမည်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ ကျင်းပမည့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကိုယ်စားပြု သတ်မှတ်အသုံးပြုမည့် အထိမ်းအမှတ် တံဆိပ် (Logo) ရေးဆွဲပြိုင်ပွဲကို ၁၃-၆-၂၀၂၄ ရက်နေ့မှ ၁၂-၇-၂၀၂၄ ရက်နေ့အတွင်း ကျင်းပ မည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

**အထိမ်းအမှတ်တံဆိပ်(Logo) တွင် ပါဝင်ရမည့်အချက်များ-**

(က) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ကျင်းပမည်ဆိုသည့် အဓိပ္ပာယ်
(ခ) ကျင်းပသည့် အကြိမ်အရေအတွက်နှင့် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအား ကိုယ်စားပြုသော အဓိပ္ပာယ်
(ဂ) အပြည်ပြည်ဆိုင်ရာ အိုလံပစ်အထိမ်းအမှတ် ပြာ၊ ဝါ၊ နက်၊ စိမ်း၊ နီ အရောင်ပါကွင်း(၅)ကွင်း
(ဃ) အားကစားသမားအချင်းချင်း၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ချစ်ကြည်ရင်းနှီးမှု သဘောဆောင်သည့် ရေးဆွဲချက်
(င) မိမိနိုင်ငံရှိ ထင်ရှားသော အထိမ်းအမှတ် အဆောက်အဦများကို ဖော်ညွှန်းသည့် အဓိပ္ပာယ်ပါသော ရေးဆွဲချက်
(စ) မိမိရေးဆွဲယှဉ်ပြိုင်သည့် ပန်းချီ သို့မဟုတ် Graphic Design တွင် ရေးဆွဲထားသော အကြောင်းအရာနှင့် အသုံးပြုထားသော အရောင်တို့၏ အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုချက်ပါရှိရမည်။

ယခင် ကျင်းပပြီးစီးခဲ့သည့် ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်၊ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်များ၏ အထိမ်းအမှတ်တံဆိပ်(Logo)အဖြစ် အောက်ဖော်ပြပါပုံစံကို အသုံးပြုခဲ့ပါသည်-



ပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရပါက ဆုကြေးငွေကျပ် ၂၅ သိန်း ချီးမြှင့်ပေးသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်ပုံစံအား (၁)စောင်လျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ၁၂-၆-၂၀၂၄ ရက်နေ့မှ ၃၀-၆-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနရှိ လူထုအားကစားနှင့် ပညာပေးဌာနခွဲ(ဝဏ္ဏသိဒ္ဓိအားကစားကွင်း)နှင့် ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာန၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲများသို့ လူကိုယ်တိုင်လာရောက် ဝယ်ယူရမည်ဖြစ်ပြီး အဆိုပါပုံစံနှင့်အတူ ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိမေးမြန်းလိုပါက နေပြည်တော်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ တယ်လီဖုန်းနံပတ် ၀၉-၂၀၀၂၁၉၆ ၊ ၀၆၇-၈၁၀၄၃၃၅ နှင့် ရန်ကုန်မြို့ ၊ ကျိုက္ကဆံကွင်း၊ တယ်လီဖုန်းနံပတ် ၀၁-၄၀၀၈၉၂၊ ၀၁-၄၀၀၄၃၁ တို့သို့ ဆက်သွယ်မေးမြန်း နိုင်ပြီး မိမိရေးဆွဲထားသော ပန်းချီကား၊ Graphic Design နှင့် Soft Copy များကို ကိုယ်တိုင်ရေးဆွဲထားကြောင်း ဝန်ခံချက်၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက် ပို့ဆောင်၍ဖြစ်စေ၊ ရာသီဥတုကြောင့် မပျက်စီးနိုင်သည့် လုံခြုံစွာထုပ်ပိုးထားသော အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ ၁၂-၇-၂၀၂၄ ရက် နောက်ဆုံးထား၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲ သို့ ပေးပို့ရမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူအား နေ့စဉ်ထုတ်သတင်းစာများတွင် ကြော်ငြာ၍ ဆုချီးမြှင့်ပွဲ ကျင်းပပေးမည်ဖြစ်သည်။ ရွေးချယ်ခံရသော Logo ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ မူပိုင်အဖြစ် သတ်မှတ်သွားမည်ဖြစ်သည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေ(၄)လမ်းအနောက်၊ အကွက်အမှတ်(၃၁၈)၊ တိုက်အမှတ်(၉)၊ တတိယ ထပ်(၄-လွှာ)(ဘယ်ဘက်)၊ (ခြေရင်းခန်း-ဘီ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှလှမြင့် ၁၂/အစန(နိုင်) ၁၄၁၆၀၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်ဘုန်းဇင် ၁၂/မရက(နိုင်) ၁၀၈၁၄၃၊ဒေါ်ခင်မျိုးသက် ၁၂/ဒဂတ(နိုင်) ၀၁၂၇၂၆တို့က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စ နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူ ရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/42843, Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းရီ ၅/မရန (နိုင်) ၀၁၁၀၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/58499, Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မိုးဝင်း ၅/ခဥတ(နိုင်) ၀၅၃၀၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၈၈၀၁၃ လက်ဝယ်ရှိသူ ဦးခိုင်စိုး၁၀/မလမ(နိုင်)၀၇၇၅၇၆မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၇၄၃၁၉ လက်ဝယ်ရှိသူ ဦးလွေ ၁၀/ကမရ(နိုင်)၀၁၄၀၉၄မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဆယမ်စွန်ဒါ(ဘ)ဦးရာဂျင်ဒရာပရာဆပ် ၇/ဖမန(နိုင်) ၁၇၆၈၅၃၊ ဂျေပူကျေးရွာအုပ်စု၊ ဂျေပူရွာ၊ ဖြူးမြို့နယ်နေသူနှင့် ဖြူးမြို့နယ်၊ ဖြူးအရှေ့ကျေးရွာအုပ်စု၊ သပြေတန်းရပ်ကွက်၊ ဘန်းလောင်လမ်းနေ မဇေယျာသီရိ(ခ)မဂျိုက်စရီး(ဘ)ဦးမောင်မောင်တို့သည် လွန်ခဲ့သော (၉-၄-၂၀၁၄)ရက်တွင် ဘာသာရေးလူကြီးများရှေ့ ဟိန္ဒူဓလေ့ထုံးတမ်းအရ မင်္ဂလာအခမ်းအနားများဖြင့် တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ကြပါသည်။ မင်္ဂလာအခမ်းအနား ပြီးမြောက်သည့်နေ့တွင် မင်္ဂလာသတို့သမီးမှ(၇)ရက်အတွင်း မိမိ၏ မိဘများထံသို့ သွားရောက်ပြီး မင်္ဂလာသတို့သားထံသို့ ပြန်လည်ရောက်ရှိလာပါသည်။ သို့သော် လူကြီးမင်း မဇေယျာသီရိ(ခ)မဂျိုက်စရီးမှ (၇)ရက်ပြည့်သည့်နေ့တွင် လာရောက်ခဲ့ပြီး ဦးဆယမ်စွန်ဒါနေအိမ်တွင်(၁)ပတ်(၂)ပတ်ခန့်သာနေထိုင်၍ လူကြီးမင်း၏မိဘများထံသို့ ပြန်သွားပြီးနောက် ကျွန်ုပ်မိတ်ဆွေထံသို့ ပြန်လည်လာရောက်ခြင်းမရှိတော့ပါ။ ကျွန်ုပ်၏မိတ်ဆွေမှ ဘာသာရေးလူကြီးများမှတစ်ဆင့် အကြိမ်ကြိမ်ခေါ်ယူသော်လည်း လူကြီးမင်းအနေဖြင့် (၃-၅-၂၀၁၄)ရက် မှ ယနေ့(၁၁-၆-၂၀၂၄)ရက် (၁၀)နှစ်ကျော်ကြာသည့် အချိန်ထိ ကျွန်ုပ်မိတ်ဆွေထံ သို့ ပြန်လည်ရောက်လာခြင်းမရှိဘဲပျက်ကွက်လျက်ရှိနေသည်ကို လူကြီးမင်း အသိပင်ဖြစ်ပါသည်။ လူကြီးမင်းအနေဖြင့် ယနေ့ကြေညာပါသည့်ရက်(၁၂-၆-၂၀၂၄)ရက်မှ (၁၈-၆-၂၀၂၄)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံသို့ အရောက်ပြန်လာပါရန်နှင့်ပျက်ကွက်ပါက လူကြီးမင်း၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၉)**
**အမှတ်-၅/စက်တောင်ရပ်ကွက်၊ ဖြူးအရှေ့ကျေးရွာအုပ်စု၊ ဖြူးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/58579, Sa Wasdee 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နီအောင် ၅/မရန(နိုင်) ၂၆၈၂၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/7712, FORD RANGER PICK UP ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိမ့်သိမ့်အောင် ၅/မရန(နိုင်) ၂၁၈၅၈၄ က ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဇယ/၃၃၇၅၁, Canda 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင် ၇/ရတန(နိုင်)၀၆၁၁၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၂၈၇၀၈ လက်ဝယ်ရှိသူ ဒေါ်ဖသာမာဘီ ၁၀/မလမ(နိုင်)၁၈၂၆၂၈ မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## မော်တော်ယာဉ်မှတ်ပုံတင်(ကမ-၃) စာအုပ်ပျောက်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/65402 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းဦး ၅/ကလတ(နိုင်)၁၃၅၄၀၅ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ခရိုင်ရုံး(တောင်ငူ)**

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၀ / ၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော် / ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေ/ နိုင်ငံခြားငွေ ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-032(24-25)CAP (Retender) | 1.5 MW Gas Engine Driven Generating Set (Container Type ) Attached with switch Gear Panel (1) Set | Ks |
| (၂) | DMP/L-091(24-25) (Retender) | Barytes (Local) (3000) Tons | Ks |
| (၃) | DMP/L-121(24-25) (Retender) | Accessories for Gas Control and Metering System (3) Groups | Ks |
| (၄) | DMP/L-180(24-25) | Welding Cable and Ground Cable for Welding Set (2) Items | Ks |
| (၅) | IFB-001(24-25) (Retender) | Cement Additives (6) Items | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၁၂-၆-၂၀၂၄ ရက်**နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံ နှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂၆-၆-၂၀၂၄ ရက်နေ့ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း၊ ၀၆၇-၄၁၁၂၀၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ကျွန်ုပ်တို့၏ မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၂)၊ မြေကွက်အမှတ်(၁၁၃/က)၊ (၁၂၀၀)စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၁၃/က)၊ ဝေဇယန္တာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ညိုဝင်း(ဘ)ဦးဘစိန် ၁၂/သဃက(နိုင်) ၀၂၂၀၅၆ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၆၂၆/၂၀၂၃(၁၃-၇-၂၀၂၃)ဖြင့် ရရှိထားသူ ဒေါ်အိသန္တာဖြူ(ဘ)ဦးစန်ရောင်ညွန့် ၁၂/သဃက(နိုင်)၀၀၂၀၉၂၊ တိုက်(F-၅)၊ (၄)ရပ်ကွက်၊ ရွှေသရဖီအိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေသူ ထံမှ ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အအုံအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့် တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ဝင်းမြင့်(B.SC,PGDL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)**
**ဖုန်း-၀၉-၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)**
**ဖုန်း-၀၉-၂၅၄၄၈၈၃၃၀**

**အမှတ်(၁၂၂)၊၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ ဘုရားဖြူ ရပ်ကွက် အ.ထ.က(ခွဲ)ထီသိမ်ရွှေ (တောင်)၊ Grade-12မှ နန်းအေးရီ၏ဖခင် အမည်မှန်မှာ ခွန်မောင်ထွန်း(၁၃/ဆဆန(နိုင်)၀၇၂၁၃၃) ဖြစ်ပါကြောင်း။

**ခွန်မောင်ထွန်း**

## အထွေထွေ ကိုယ်စားလှယ်လွှဲစာ ရုတ်သိမ်းကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရတနာမွန်လမ်းသွယ်(၁)၊ ရတနာမွန်အိမ်ရာ၊ တိုက်အမှတ် (၄-A)၊ အခန်းနံပါတ်(၂၀၁)နေ (ဘ)ဦးစက်ရှိန်၏သား ဦးမောင်မောင် (ဗိုလ်မှူး(ငြိမ်း)၊ ၁၂/ဗဟန(နိုင်)၀၅၅၂၉၃သည် သမီးဖြစ်သူ မခိုင်ဇာဝင့်မောင်အား (၁-၃-၂၀၂၃)ရက်စွဲပါ အထွေထွေ ကိုယ်စားလှယ်လွှဲစာကို ရုတ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးမောင်မောင်(ဗိုလ်မှူး(ငြိမ်း)**

## အမည်ပြောင်း

ဦးစိုင်းဟတ်၏သမီး၊ တောင်ကြီးမြို့ ILBC International School pre 1(A) မှ နန်းအိမ့်မြတ်သာဂီအား ယနေ့မှစ၍ နန်းဟတ်ဟွမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**နန်းဟတ်ဟွမ်**

## အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်စာရွက်စာတမ်းများ ပျောက်ဆုံးကြောင်းကြေညာချက်

ကျွန်တော် ဗိုလ်မှူးမောင်မောင်(ငြိမ်း)အား ၂၉-၁၁-၁၉၉၆ ခုနှစ်တွင် ရတနာမွန်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ချပေးသော တိုက်အမှတ် ၄A၊ အခန်းအမှတ် (၂၀၁)၊ ရတနာမွန်အိမ်ရာ၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်နှင့် ပတ်သက်သော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် စာရွက်စာတမ်းမူရင်း၊ မိတ္တူများ ၂၀၂၃ခုနှစ်၊ ဇူလိုင်လအတွင်း ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

**ဗိုလ်မှူးမောင်မောင်(ငြိမ်း)**
**၁၂/ဗဟန(နိုင်)၀၅၅၂၉၃**
**၄A/၂၀၁၊ ရတနာမွန်အိမ်ရာ၊ ရတနာမွန်လမ်းသွယ် (၁)၊**
**(၂)ရပ်ကွက်၊ လှိုင်မြို့နယ်**

## မွေးသက္ကရာဇ်အမှန်

ဦးငွေစိုး၏သား တောင်ကြီးမြို့၊ လမင်းအိမ်ကိုယ်ပိုင် အထက်တန်းကျောင်း၊ - Grade- 12 မှ မောင်ညီထက်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅-၁၁-၂၀၀၅) ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ /၂၂၃၉၈, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းတင့် ၅/ဝလန (နိုင်) ၀၃၀၉၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အောင်ဇမ္ဗူ မြေကွက်အမှတ်(၃၀၀)၊ ဧရိယာ(၀ဒသမ၀၆၀)ဧက ရှိ ဦးပြုံးချို(ဘ)ဦးကံညွန့်၉/မထလ(နိုင်)၀၄၁၃၅၇ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ် ၊နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ဌေးဌေးနွယ်(ဘ)ဦးလှရွှေ ၉/ပမန(နိုင်)၂၀၇၄၅၈နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ် နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး
## အိတ်ဖွင့်စုပေါင်းတင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ဦးစီးဌာန/လုပ်ငန်း/ကော်ပိုရေးရှင်း အသီးသီးအတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးအခြား ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|---|
| က | 1(T)/MOEP/24-25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အသုံးပြုရန် Networking System and IT Equipment ဆောင်ရွက်ခြင်းလုပ်ငန်း။ |
| ခ | 2(T)/MOEP/24-25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အသုံးပြုရန် MOEP Data Center Protection and Management System ဆောင်ရွက်ခြင်းလုပ်ငန်း။ |
| ဂ | 3(T)/MOEP/24-25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဌာနအသီးသီးတွင် အသုံးပြုရန် Desktop Computer နှင့် Laptop Computer များ ဝယ်ယူရန်။ |
| ဃ | 4(T)/MOEP/24-25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကြီးကြပ်မှု အောက်ရှိ ဌာနအသီးသီးတွင် အသုံးပြုရန် Copier များ ဝယ်ယူရန်။ |
| င | 5(T)/MOEP/24-25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကြီးကြပ်မှု အောက်ရှိ ဌာနအသီးသီးတွင် အသုံးပြုရန် Printer ၊ Projector with Screen ၊ Scanner နှင့် ငွေရေစက်များ ဝယ်ယူရန်။ |

၂။ အဆိုပါတင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၅-၆-၂၀၂၄) ရက် (၁၀:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉ ၊ ၀၆၇-၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၀)၊ မြေကွက်အမှတ်(၉၂၈)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးကိုကို(ဘ) ဦးဘီရှိုက် (N/KGN ၀၃၁၉၃၅)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်တစ်ရပ်ရပ်အား ဆက်စပ်အရောင်းအဝယ် ကတိစာချုပ် အဆင့်ဆင့်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထား၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ကေသီမြင့် ၁၂/ပဇတ(နိုင်)၀၂၉၇၄၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေစုနိုင် (LL.B),(D.I.L),(D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၀၁၁)(၂၉-၅-၂၀၁၅)**
**၂အေ-၁၆၇၊မြေညီထပ်၊ မုဒိတာအိမ်ရာ(၂)၊ရွာမအနောက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**Ph: 09-795499782**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၃/ ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၈၄၅)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒုရဲအုပ်ခင်မောင်ဆွေ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ခိုင်မာဦး ၉/ပမန(နိုင်) ၀၅၅၉၂၈မှ ပျဉ်းမနားမြို့ မြေနေရာချထားရေးကော်မတီ၏ မြေကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၁၈၀၃၇ ယာဉ်လက်ဝယ်ရှိသူ ဦးလှဌေး ၁၀/မလမ(နိုင်)၁၃၈၂၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၈၁၃၁၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းမော် ၁၀/မလမ(နိုင်) ၁၆၆၆၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့်၅)
## မော်လမြိုင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၁

ဦးမြတ်သာကျော် (၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးထွန်းလင်းဦး) နှင့်
၁။ ဦးတင်ဝင်း(ခ)ဦးအိဘရာဟင်ဂျီဝါး
၂။ ဦးတင်လှ(ခ)ဟာရှင်ဂျီဝါး
၃။ ဒေါက်တာသင်းသင်းမြ
၄။ ဦးခင်မောင်ညွန့်(ခ) ဦးမာမက်အန်ဂလီယာ
၅။ ဦးထွေးညွန့်
၆။ ဦးကျော်မိုးဦး
၇။ ဦးကျော်ဇင်ဦး (အတူနေညီအစ်ကို)
၈။ ဒေါ်မာလာညွန့်

(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၅၅-လမ်း၊ အမှတ်(၂၆)နေ အမှတ်(၆) တရားပြိုင် ဦးကျော်မိုးဦးနှင့် အမှတ်(၇) တရားပြိုင် ဦးကျော်ဇင်ဦး (ယခုနေရပ် လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "(၂၈.၇.၂၀၁၇)ရက်စွဲပါ ကတိစာချုပ်အား တရားပြိုင်များ ဖောက်ဖျက်မှုကြောင့် နစ်နာသူကနဦးထရိုက်၏ နစ်နာဆုံးရှုံးမှု အရပ်ရပ်အတွက် နစ်နာကြေးငွေကျပ် (၇၁၁၂၃၀၀၀၀)ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၄ ရက်) နေ့မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရေးရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးမင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/2955 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သရက်ကုန်းကျေးရွာနေ မောင်ဝေယံအောင် ၉/လဝန(နိုင်) ၃၀၈၂၉၃နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အင်းဒိုင်းကြီးကျေးရွာနေ မသူဇာထိုက် ၅/ကလထ(နိုင်)၂၅၉၅၁၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မောင်ဝေယံအောင်နှင့် မသူဇာထိုက်တို့သည် တစ်ဦးနှင့်တစ်ဦး သဘောထားခြင်း တိုက်ဆိုင်မှုမရှိသည့်အပြင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ဆက်လက်၍ ပေါင်းသင်းနေထိုင်ကြရန် စိတ်ဆန္ဒမရှိကြ တော့သည့်အတွက် မိမိတို့နှစ်ဦး၏ လွတ်လပ်သောသဘောဆန္ဒအရ (၆-၆-၂၀၂၄) ရက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ နှစ်ဦးသဘောတူကွာရှင်း ပြတ်စဲလိုက်ပြီဖြစ်ပါသည်။ ထို့ကြောင့် မောင်ဝေယံအောင်နှင့် မသူဇာထိုက်တို့သည် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှုမရှိတော့ကြောင်းနှင့် မိမိတို့နှစ်ဦးနှင့် ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမဆို စုံစမ်းမေးမြန်းမှုများအားလည်း ဖြေကြားမည် မဟုတ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် တစ်ပါတည်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးပြည့်ဖြိုးကျော်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၄၅၂၇)**
**အမှတ်(၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၁၅၆၁၂၈၀၊ ၀၉-၉၅၁၀၄၉၃၁၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၁၈၊ မုံရွာအလယ်)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀.၀၆၁)ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ် ၄၈၁/၁၉၉၆အရ (၂၀-၆-၁၉၉၆)ရက်မှ (၁၉-၆-၂၀၂၆)ရက်အထိ ဒေါ်ချွန် အမည်ဖြင့် နှစ်(၃၀) မြေငှားစာချုပ်ရရှိထားသောမြေအား ဦးစောထွန်းမင်းအမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက် မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ၊**
**မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃၃၃-က၊ ကွေ့ကြီးအနောက်)၊ ဦးပိုင်အမှတ်(၉၄၊ ၉၅ )၊ ဧရိယာ(၀.၃၇)ဧကရှိမြေအား အမှုတွဲအမှတ်၂၁၃ V ၂၀၂၃-၂၀၂၄အရ (၈-၂-၂၀၁၁)မှ (၇-၂-၂၀၄၁)အထိ ဦးခင်မောင်ဟန်အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်မိတ္တူထုတ်ပေးထားသည့် ဝင်းမြေအား ဒေါ်သီတာကျော်အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူ မဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက် မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက် များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၁က)၊ ဦးပိုင်အမှတ် (၆၇)၊ မြေချိန်ဧရိယာ (၀.၀၅၅)ဧကရှိမြေကွက်သည်မူလက ဦးဖော်ကောန်လဂျာ အမည်ဖြင့် (၂၉-၁၀-၂၀၂၄)ရက်အထိ(၁၀)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးဖော်ကောန်လဂျာက (၁၀-၄-၂၀၂၄)ရက်စွဲပါ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၁၈၄/၂၀၂၄)အရ ဦးဆန်းလွင် ၁/မကန(နိုင်)၁၂၂၆၁၇ ထံသို့အပြီးအပိုင်ရောင်းချပေးခဲ့ဖြစ်ပါသည်။ ယခုအခါ ဦးဆန်းလွင် အမည်ဖြင့်မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ်ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း၊ အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ် (၁၉/၁၇)၊ မြေကွက်အမှတ်(ခ/၄၇၇)ဟုခေါ်တွင်သော ဧရိယာ(၀ဒသမ၀၅၅) ဧကအကျယ်ရှိ ဂရန်အမှုတွဲအမှတ်(RPNO-၁၂/V/၁၉၉၃-၉၄)အရ ဒုဗိုလ်မှူးကြီးစိုးသိန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နီလာဝင်း(ဘ)ဦးထွန်းအေး ၁၂/ဗတထ(နိုင်)၀၁၂၉၈၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိသန္တာ(ဘ) ဦးကျော်ဝင်း၁၀/ရမန(နိုင်)၁၅၈၂၃၁က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ် ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L)(စဉ်-၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင်(LL.B) (စဉ်-၅၂၀၆၄)**
**ဒေါ်အိအိမော်(ခ)အိသန္တာအောင်(LL.B) (စဉ်-၁၈၇၂၆)** **အထက်တန်းရှေ့နေ**
**တရားလွှတ်တော်ရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၁၂၆၂**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မောင်ကောင်းမင်းခန့် ၉/ခအဇ(နိုင်)၀၆၆၁၆၃၏ နိုင်ငံကူးအမှတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၀၉၇၅၇၄**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးဝင်းနောင်၏ သားကျွန်တော် မောင်ထက်ဝေယံ ၁၂/ဥကတ(နိုင်)၂၁၃၈၂၆ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၀၂၉၁၄၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/5650,DAIHATSU HIJET, P/U(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ချစ်ဝင်း ၁၃/တယန(နိုင်)၀၄၄၃၂၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၄၆-က)၊ ယိုးဒယားကုန်းအကွက်၊ဦးပိုင်အမှတ်(၁၅-ခ)၊ မြေဧရိယာ(၀ဒသမ၀၁၀)ဧကနှင့် ဦးပိုင်အ မှတ်(၁၆-က)၊ မြေဧရိယာ(၀ဒသမ၀၂၂)ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ဆေးရုံးတန်းလမ်း၊ အိမ်အမှတ်(၉)နေ ဒေါ်သိန်းမြင့်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊**
**ပုသိမ်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉

| | | |
|---|---|---|
| ဒေါ်နီလာကြူ | နှင့် | ၁။ ဦးအောင်သစ်<br>၂။ ဒေါ်ငြိမ်းစိန် |
| (တရားလို) | | (တရားပြိုင်များ) |

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၁၁)နေ တရားပြိုင်များဖြစ်သော ဦးအောင်သစ်၊ ဒေါ်ငြိမ်းစိန် (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်နီလာကြူက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇွန်လ (၂၄)ရက်(၁၃၈၆ ခုနှစ်၊ နယုန်လဆန်း(၃)ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ပါဆိုခဲ့သည့်နေရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၀)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

(ဘိုကျော်ဆန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြည်မြို့နယ်တရားရုံး

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ မြောက်ပိုင်း၊ ဒေါ်ငိုတံတားလမ်း၊ (သီရိသုခလမ်းသွယ်)၊ အမှတ်-မရှိဟုခေါ်တွင်သော (၂၀x ၆၀)ပေရှိ မြေနှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော အိမ်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဟန်စိန် ၁၀/ရမန(နိုင်)၁၀၆၀၅၂မှရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများအထောက်အထားခိုင်လုံစွာဖြင့် ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဦးကြည်ဝင်း (၁၂/မဂဒ(နိုင်)၀၇၃၁၉၀) ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသဲမောင်ကြည် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၃၅)**
**အမှတ်(၂၆၁)၊ စံပယ်လမ်း၊ (၃/က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၇၆၈၉၄၄၊ ၀၉-၄၄၀၂၆၇၉၈၁**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၄၀၈(A)၊ မင်္ဂလာဒုံအိမ်ရာကွက်၊ မြေကွက်အမှတ်(၁၀၀) (၄၀ x ၆၀)ပေရှိ မြေပေါ်မှ (၂၀x ၆၀)ပေရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂/ကရပ်ကွက်၊ မြို့မကွက်သစ်၊ ခတ္တာလမ်း၊ မြေကွက်အမှတ်(၁၀၀)၊ မြေတိုင်းအမှတ်(၄၀၈/အေ)၊ အိမ်အမှတ် (၁၀၀/ခ)၊ မြေဧရိယာ (၂၀ x၆၀)ပေရှိ မြေနှင့် ပတ်သက်၍ မူလအမည်ပေါက်ပိုင်ရှင် ဒေါ်တင်ရီ(ဘ)ဦးဖိုးရင်ထံမှ ဒေါ်ဝင်းကြည် ၁၂/မဂဒ(နိုင်)၀၂၃၉၂၇သည် (၂၅-၆-၁၉၉၂) ရက်ကတည်းက ဝယ်ယူပြီးဖြစ်ပါ၍ မြေကွက်နှင့်ပတ်သက်၍ (၄၀x၆၀)ပေ မြေပိုင်ဆိုင်မှုကို တစ်ဦးတည်း လာရောက်လျှောက်ထားပါက ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းကြည်(၁၂/မဂဒ(နိုင်)၀၂၃၉၂၇) ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသဲမောင်ကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၃၅)**
**အမှတ်(၂၆၁)၊စံပယ်လမ်း၊(၃/က)ရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း-၀၉-၇၉၅၇၆၈၉၄၄၊ ၀၉-၄၄၀၂၆၇၉၈၁**

# စာအုပ် စာပေ လူ့မိတ်ဆွေ

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## စစ်ကိုင်းတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းဝယ်ယူခြင်း လုပ်ငန်းနှင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တိုးချဲ့/အစားထိုး တည်ဆောက်ခြင်းလုပ်ငန်း (ပစ္စည်းအပါအဝင်/လုပ်အား)များအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့် တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | - | ၁၂-၆-၂၀၂၄ရက်မှ<br>၁၁-၇-၂၀၂၄ရက်အထိ |
| ၃။ | **တင်ဒါတင်သွင်းရမည့်ရက်** | - | ၁၂-၇-၂၀၂၄ရက်<br>နံနက် ၉နာရီမှ ညနေ ၄နာရီ |
| ၄။ | **တင်ဒါတင်သွင်းရမည့်နေရာ** | - | တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့ |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်-

**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့။**
**ဖုန်း-၀၇၁-၂၂၈၁၇၊ ၀၉-၂၅၉၀၇၀၂၂၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကြည်ထွန်းကြိုင်(ဘ)ဦးကိုကိုကြီး ၁/မညန(နိုင်) ၀၀၁၄၀၉၊ အမှတ် (၁၀၇)၊ နားခါတောင်ရပ်ကွက်၊ မိုးညှင်းမြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မိုးညှင်းမြို့၊ သီတာရပ်ကွက်ရှိ အရှေ့လားသော် အနောက်ရိပ်သာလမ်းမကြီး၊ အနောက်လားသော် ဦးဖိုးတုတ်၏နေအိမ်ဝင်းခြံမြေ၊ တောင်လားသော် ဦးသဲမောင်၏နေအိမ်ဝင်းခြံမြေမြောက်လားသော် လမ်းအတွင်းရှိ အလျား ၇၀ ပေ x အနံ ၁၀၀ ပေရှိ ဝင်းခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဒေါ်မအေးက ၎င်းတစ်ဦးတည်း ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံသို့ လွှဲပြောင်းရောင်းချခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူခဲ့ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေအမည်ဖြင့် မြေငှားဂရန်အမည်ပေါက် လျှောက်ထားခြင်း၊ အရောင်းအဝယ်ကိစ္စများ ဆက်လက်လုပ်ဆောင်ခြင်း စသည့်ကိစ္စများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အထက်ဖော်ပြပါ လုပ်ငန်းဆောင်တာများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုမိုဦး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၇၁၇)**
**အမှတ်(၁၃) ၊ နားခါမြောက်ရပ်ကွက် ၊ မိုးညှင်းမြို့၊ ဖုန်း-၀၉-၄၄၄၃၇၆၈၅၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၆)ရပ်ကွက်၊ ဓမ္မလောကလမ်း၊ မြေကွက်အမှတ် (၃၆၅)၊ အကျယ်အဝန်းပေ (၄၀'x၆၀')ရှိ ဦးမြသိန်း အမည်ပေါက် ပါမစ်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏ (ခြေရင်းခြမ်း) ပေ (၂၀'x၆၀')ပါမစ်မိတ္တူမြေနှင့် ယင်းမြေပေါ်ရှိ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်း(၁၄/ဇလန(နိုင်)၁၁၃၇၂၀) ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမွန် (၇/ရတန(နိုင်) ၀၆၉၅၂၉)က စရန်ငွေပေးထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၃၇၂၅၅၂၀**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၃)၊မကျီးပင်တန်းအကွက်၊ ဦးပိုင်အမှတ်(၁၅၃-ဌ)၊ ဧရိယာ(၀ဒသမ၀၆၂)ဧကရှိ မြို့မြေ (B)သည် ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကုန်သည်လမ်း၊ အိမ်အမှတ် (၃၁-ခ)နေ ဦးမင်းဇင်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက် ၍ ကန့်ကွက်လိုသူများ ရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူ မဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက် မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲ လုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့် အညီ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၂၁)၊ သစ်ညိုကုန်းအကွက်၊ ဦးပိုင်အမှတ်(၄၉-က)၊ ဧရိယာ(၀ဒသမ၁၆၈)ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အိမ်အမှတ်(၄)၊ ကမ်းနားလမ်းနေ ဦးချစ်ဦး၊ ဒေါ်သန်းသန်းဝင်းမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက် မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲ လုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်
## ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာ တက္ကသိုလ်များတွင် ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း(၁၁)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် ၁၀-၆-၂၀၂၄ ရက်မှ ၂၄-၆-၂၀၂၄ ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည် တင်သွင်းလာမည့်တင်ဒါပုံစံများကို ၂၀-၆-၂၀၂၄ ရက်မှ ၂၄-၆-၂၀၂၄ ရက်အထိ ရုံးချိန်အတွင်း တင်ဒါပုံစံ ဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀) ဧကရှိ ဒေါ်အေးအေးညွန့် ၁၂/ဒဂန(နိုင်)၀၁၆၆၅၂ (ဘ) ဦးညွန့် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၂၁၁၆)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၆၈၁/၂၀၂၂ (၅-၁၂-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးစည်သူထွန်း ၁၂/ဥကတ(နိုင်) ၁၃၉၈၈၃ (ဘ) ဦးကျော်ဆန်းခိုင်မှ ဦးကိုကိုနိုင် ၁/မကန(နိုင်)၀၃၇၆၁၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ အထက (ခွဲ) တောင်ကန်ကြီး G-11 မှ မစုကလျာခိုင်၏ အဖအမည်မှာ ဦးပေါ်အောင် ၉/ရမသ(နိုင်) ၁၁၁၅၃၃ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်အမွန်ထွန်း၏ဖခင် ဦးမောင်မောင် (၈/မကန(နိုင်) ၀၂၀၉၈၉)၏ အမည်မှာ ဦးမောင်မောင်နှင့် ဦးမောင်မောင် (ခ) ခုတ်လျှံမန်း ဖြစ်နေ သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးအာကာဟိန်း၏သား ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထကခွဲ (ရေပူ)၊ Grade(11)မှ မောင်ဇွန်သူဟိန်း၏မွေးသက္ကရာဇ်အမှန်မှာ (၃-၁၀-၂၀၀၆) ဖြစ်ပါကြောင်း။

**မောင်ဇွန်သူဟိန်း**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထကခွဲ၊ အောင်မြေရွှေဘုံ၊ Grade (6)မှ မောင်ပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးမင်းနိုင်ဦး ဖြစ်ပါကြောင်း။

**ဦးမင်းနိုင်ဦး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု-သန္ဓေပင်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၅၂၂၊ ဘွက်ကြီးမြောက်ကွင်း၊ ဦးပိုင်အမှတ်-၆ခ/၁၊ ဦးဘိုနီအမည်ပေါက် လယ်မြေအမျိုးအစား ဧရိယာ(၄.၄၃) ဧကခန့် အကျယ်အဝန်းရှိ လယ်မြေနှင့် ယင်းလယ်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား အဆက်စပ်စာချုပ်စာတမ်းမူရင်းများနှင့်တကွ လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးလွင် (၁၂/မဂဒ(နိုင်)၀၃၈၅၁၆)နှင့် ဦးမျိုးမြင့် (၁၂/မဂဒ(နိုင်)၀၄၀၉၅၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်ဌေး (၈/ပခက(နိုင်)၂၀၃၆၁၄)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်သီတာအောင်(LL.B)** | **ဦးချစ်သဲမောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၈၄)** | **အထက်တန်းရှေ့နေ** |
| **ဖုန်း-၀၉၄၄၈၀၂၂၇၃၇** | **(စဉ်-၅၂၅၉၉)** |
| | **ဖုန်း-၀၉-၇၇၉၅၂၆၈၆၈** |

## ဖခင်အမည်မှန်

သီပေါမြို့၊ အ.ထ.က(၂) Grade-10 မှ စိုင်းမောင်ဆိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်မြင့်နိုင် ၁၃/သပန(နိုင်) ဝ၂၉၁၃၅ ဖြစ်ပါကြောင်း။

**ဦးတင်မြင့်နိုင်**

## အမည်မှန်

ဦးတီကာရမ်းပန်ဒေး ၇/တငန(ပြု)ဝဝဝ၁၂၆- ဒေါ်ဘီစနူးမာယာ ၉/မမန(နိုင်)ဝ၈၅၄၂၂ တို့၏သမီး ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ၄မိုင်မူလွန်(၃၉) ကျောင်း G-6 မှ မယမင်း၏ အမည်မှန်မှာ မရာနီးဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့၊ နားခါရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၄/နားခါ)၊ ဦးပိုင်အမှတ် (၇-ခ)၊ မြို့မြေ၊ မြေဧရိယာ(ဝဒသမဝ၅၇)ကေရှိ မြေကွက်အား ဒေါ်ခင်ဖြူ(ဘ)ဦးဖုံဟွေဆင် ၁/မညန(နိုင်)ဝ၇၅၁၂ဝ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာ ပါသည့်ရက်မှစ၍ ၁၅ရက် ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဖြူ**
**၁/မညန(နိုင်) ဝ၇၅၁၂ဝ**
**နားခါမြောက်ရပ်ကွက်၊**
**မိုးညှင်းမြို့**

## အလိမ္မာ စာမှာရှိ

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/3636 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉/သုဝဏ္ဏ(ရွှေဝါဆန်)၊ ငုဝါလမ်း၊ မြေကွက်အမှတ်(၁၈)နှင့် မြေကွက်အမှတ်(၁၉)ဟုခေါ်တွင်သော မြေအလျားxအနံ (၅ဝx၄ဝ)ပေရှိ နှစ်(၆ဝ)မြေငှားဂရန် မြေကွက်(၂)ကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးအစနိပ်ချဲ (၁၂/မဂတ(နိုင်)ဝ၄၉၅၄၉) ကွယ်လွန်သဖြင့် ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်ဟဝါဘီဘီ (၁၂/မဂတ(နိုင်)ဝ၇၃၂၃၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမျိုးသန့် (၁၂/သဃက(နိုင်)ဝ၁၃၂၃၄)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၂ဝ၆၆) | (စဉ်-၁၂၃၆၅) | (စဉ်-၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-ဝ၉-၇၇၂၇၇၇၇၁၂၊ ဝ၉-၄၅၆၉၉၆၇၇၆၊ ဝ၉-၉၇၃ဝဝ၂၁၁၇

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီကျေးရွာ၊ ကွင်းအမှတ်(၆၆)၊ ဦးပိုင်အမှတ်(၈၇/၄)ဟုခေါ်တွင်သော မြေဧရိယာ(ဝဒသမဝ၅၅)ကေ အကျယ်အဝန်းရှိမြေနှင့် ယင်းမြေပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမင်းအောင်(ဘ)ဦးစံ ၈/မလန(နိုင်)ဝ၄၂၁၉၂က ၎င်းတို့တွင် ရောင်းချပိုင်ခွင့်အာဏာ အပြည့်အဝရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ရွှေ(ဘ)ဦးသန်းဆောင် ၅/အရတ(နိုင်) ဝ၇၅၂၂၅က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားချက်အရ အများသိစေရန် အသိ ပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| ဒေါ်ရွှေ | ဒေါ်ညိုပလုံး |
| ၅/အရတ(နိုင်)ဝ၇၅၂၂၅ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၈ဝ)(၈-၁-၂ဝ၂ဝ) |
| | အမှတ်(၁၃၈)၊ နှင်းဆီလမ်း၊ ရပ်ကွက်ကြီး(၁)၊ |
| | ပြင်ဦးလွင်မြို့၊ ဖုန်း-ဝ၉-၉၅၅၅၁ဝဝဝ၂ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လက်ပံတန်းစုကျေးရွာ၊ (သင်အင်း)အောင်ချမ်းသာလမ်း၊ ဦးပိုင်(၃၉/၁)၊ မြေကွက်အမှတ်(၆၅ဝ)၊ (၁.၃ဝ)ကေပေအကျယ်ရှိ ဒေါ်နော်သန်းသန်းအေးအမည်ပေါက် ဥယျာဉ်ခြံမြေ အမျိုးအစားမြေကွက်ဖြစ်ပါသည်။ အဆိုပါ(၁.၃ဝ)ကေပေအကျယ်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် မြေကွက်အမှတ်(၅၅/၅၆)၊ မြေကွက်(၂)ကွက် စုစုပေါင်း(၄ဝx၈၅)ပေအကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးသန်းဇော် ၁၄/ဘကလ(နိုင်)၂ဝ၆၈၆၁မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးဖြိုးမင်းသိန်း ၁၂/အစန(နိုင်) ၂ဝ၈၃၅၃ကလည်း အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ထိကန့် ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁ဝ၆ဝ၅/၂ဝ၁၅) | အထက်တန်းရှေ့နေ (စဉ်-၄၉၅ဝ၂/၂ဝ၁၈) |

တိုက်(၄)၊အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့် အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-ဝ၉-၇၉၅၅၃၄၇၅၃၊ ဝ၉-၇၅ဝ၃၉၈၄ဝ၆

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ပန်းခြံလမ်း၊ အမှတ်(၄၈၃) ဟုခေါ်တွင်သော မြေချပါမစ်တွင် ဦးမျိုးသန့် (စီဒီ - ဝ၁၈၄၆၁) အမည်ပေါက် အလျား(၄ဝ)ပေ x အနံ(၆ဝ)ပေ၊ ဧရိယာ(၂၄ဝဝ) စတုရန်းပေမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးခိုင် ၁၂/ဗဟန(နိုင်)ဝ၇၇၂၃၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်သန်းသန်းငွေ ၁၂/ဗဟန(နိုင်)ဝ၄၃၃၇ဝမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းငွေ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဒေါ်ဥမ္မာမြင့် (LL.B,D.B. L) | ဒေါ်မြတ်နိုးခင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂ဝ၁၂) | အထက်တန်းရှေ့နေ စဉ်-၅၃၁၅ဝ (၃ဝ-၆-၂ဝ၂ဝ) |

အမှတ်(၈၉၉)၊မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-ဝ၉-၉၇၂ဝ၉၈၉၂

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် FF/3485, Toyotal Succeed NLP 51, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မိမိ ၁၂/ဥကတ (နိုင်) ဝ၁၃၆၁၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃ဝအတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ အကွက်အမှတ်(၃၂/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင်အမှတ်(၂၂/လ)၊ မြေဧရိယာ (ဝ.၂၁ဝ)ကေရှိ အမှုတွဲအမှတ် ၃၉၃-၅/၂ဝဝဝ-၂ဝဝ၁(အေ)အရ ဦးစိုင်းခွန်ထွန်း ၁၃/လရန(နိုင်)ဝ၈၇ဝ၇ဝ အမည်ပေါက် အိမ်မြေကွက်အား လားရှိုးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အိမ်မြေကွက်အရောင်းအဝယ်စာချုပ် အမှတ်(၁၅၇I/၂ဝ၂၄)ဖြင့် ဦးသန်းရွှေမြင့်(ခ)ရှောက်ချီချိန် ၁၃/လရန(နိုင်)၂၂၇၂၁၈ မှ ဦးစိုင်းခွန်ထွန်းထံမှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်မြေငှားဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက (၁၅)ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကျန်းမာရေးဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းစက်ရုံ(မန္တလေး)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းစက်ရုံ၊ မန္တလေး၏ ၂ဝ၂၄-၂ဝ၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ထုတ်လုပ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၂ - ၆ - ၂ဝ၂၄ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်** - ၂၅ - ၆ - ၂ဝ၂၄ရက် (အင်္ဂါနေ့) ညနေ(၄:ဝဝ)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းစက်ရုံ(မန္တလေး)၊ ဖုန်း ဝ၂-၄ဝ၆ဝ၄ဝ၂ သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းစက်ရုံ**
**မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဆန္ဒပြည့် ၁၂/လမန(နိုင်)၁၆၄၉၆၆ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-ဝ၉-၇၇၃၂၅ဝ၈၆၅**

## ဖခင်အမည်မှန်

တောင်ငူမြို့၊ ထီးလှိုင်အလယ်တန်းကျောင်းခွဲမှ Grade-7 ကျောင်းသူ မဝတ်မှုံကျော်၏ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း ၇/တငန(နိုင်)ဝ၆၈၆၃၆ ဖြစ်ပါကြောင်း။

**ဦးကျော်ဝင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ အကွက်အမှတ်(၃၄/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင်အမှတ်(၁၁/၁၇)၊ မြေဧရိယာ (ဝ.ဝ၃၂)ကေရှိအမှုတွဲအမှတ် ၇၅၁-၅/၁၉၉၈-၉၉(အေ)အရ ဦးစိုင်းရွှေခမ်း(LSO-၁၁၄၁၈၇) မှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ဦးစိုင်း ရွှေ့ခမ်းမှာ(၇-၁-၂ဝ၂၁)ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်နန်းမိုးမိုးအေး ၁၃/လရန(နိုင်)ဝ၃၇၃၈၉ မှ အမွေဆက်ခံစာချုပ်အမှတ်(၄ဝIV/၂ဝ၂၄)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အဆိုပါအိမ်မြေကွက်အား အရောင်းအဝယ်စာချုပ်အမှတ် (၁၄၂I/၂ဝ၂၄)ဖြင့် ဦးစိုင်းအိုက်ငင်း ၁၃/လရန(နိုင်)၁၁၆၃၃၉ ထံသို့ အပြီးအပိုင်ရောင်းချပေးပြီးဖြစ်၍အမည်ပြောင်း မြေငှားဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက (၁၅)ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာ၊ ကွင်းအမှတ်(ကြေးတိုင်ပြင်)၊ ဦးပိုင်အမှတ်(၄၂)၊ မြေဧရိယာ(၁ဒသမ၁၃)ကေထဲမှ အကွက်အမှတ်(၄၊ ၅၊ ၆၊ ၈၊ ၉၊ ၁၀)၊ မြေကွက်(၆)ကွက်၊ အကွက်အမှတ်(၄၊ ၅၊ ၆)၏အကျယ်အဝန်းမှာ အရှေ့(၇၇)ပေ၊ အနောက်(၆ဝ)ပေ၊တောင်(၁၂ဝ)ပေ၊ မြောက်(၁၂ဝ)ပေ၊ (လက်ရှိမြေပေါ်ရှိ အတိုင်းအတာ) နှင့် အကွက်အမှတ်(၈၊၉၊၁ဝ)၏ အကျယ်အဝန်းမှာအရှေ့(၅ဝ)ပေ၊အနောက်(၅ဝ) ပေ၊ တောင်(၁၆၅)ပေ၊ မြောက်(၁၆၅)ပေ၊မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ဒေါ်ဝင်းစန္ဒာ ၉/မတရ (နိုင်) ဝ၄၅၉၅၆ ထံမှ ဒေါ်သန္တာမွန် ၉/မကန(နိုင်) ၁ဝ၇၇၄၁က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| ဒေါ်သန္တာမွန် | ဦးနေမျိုးဇော်(LL.B,D.B.L) |
| ၉/မကန(နိုင်) ၁ဝ၇၇၄၁ | တရားလွှတ်တော်ရှေ့နေ |
| | ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့ |

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ ပြည်တော်သာရပ်ကွက်အတွင်းရှိ (ပ/မ- ၈၃၉ - ဦးဘိုဖြူ အမည်ပေါက်) ဝိုင်းမြေ၊ အရှေ့လားသော် - ပ/မ- ၈၃၈ ဝိုင်းမြေ၊ အနောက်လားသော် ပ/မ-၈၄ဝ ဝိုင်းမြေ၊ တောင်လားသော် ပ/မ-၈၂၆ ဝိုင်းမြေ၊ မြောက်လားသော် -ပေ(၅ဝ)လမ်းမြေ၊ နယ်နိမိတ်လေးရပ်အတွင်းရှိမြေ၊ အကျယ် အဝန်းမှာပေ (၅ဝx၇ဝ) အကျယ်ရှိ မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးနု (၈/ရစက(နိုင်)ဝ၇၁၈၄၃)မှ ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိနေထိုင်လျက်ရှိသော ဝိုင်းမြေဖြစ်ပါသည်။ ဖော်ပြပါ (ပ/မ-၈၃၉) မြေနှင့်ပတ်သက်၍ ဒေါ်အေးနုသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး မည်သူတစ်ဦး တစ်ယောက်ကိုမှ ရောင်းချထားခြင်း/ပေါင်နှံထားခြင်းမရှိပါ။ (ပ/မ-၈၃၉) ဝိုင်းမြေနှင့်ပတ်သက်၍ ဒေါ်အေးနု ကိုယ်တိုင်ရောင်းချခြင်းမဟုတ်ဘဲ အခြားတစ်ဦး တစ်ယောက်မှ ရောင်းချရန် ပြုလုပ်ဆောင်ရွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဒေါ်သန်းမြတ်သူဇာ ( L L. B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၈၅ )**
**ဓမ္မာရုံအနီး ၊ သီရိမင်္ဂလာရပ်ကွက် ၊ ကျောက်ပန်းတောင်းမြို့၊**
**ဖုန်း - ဝ၉ - ၄ဝ၂၅၂၉၂၃၃၊ ဝ၉ -၇၉၆၄၇၈၄၅၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀}
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၈

| | | |
|---|---|---|
| ဦးစိုင်းအောင်ပ | နှင့် | ဦးသိန်းအောင် |
| တရားလို | | တရားပြိုင် |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၃/၇၄) နေ ဦးစိန်မောင်၏သားဖြစ်သူ ဦးသိန်းအောင် (WMDY- ၂၇၂၇၁၆) (ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်၌ ဦးစိုင်းအောင်ပ က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၁၃)၊ ဦးပိုင်အမှတ်(၇၄)၊ ဧရိယာ (ဝ.ဝ၅၁)ကေရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂ဝ၂၄ခုနှစ်၊ ဇွန်လ ၂၄ရက် (၁၃၈၆ခုနှစ်၊ နယုန်လဆုတ် ၃ ရက်)နေ့ မွန်းမတည့်မီ(၁ဝ:ဝဝ)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုများက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂ဝ၂၄ ခုနှစ်၊ ဇွန် လ၊ ၁ဝ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ပြေပြေအောင်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ရွာင်မြို့နယ်၊ ကျောက်ငှက်ကျေးရွာအုပ်စု၊ ပိတုန်းကိုင်းကျေးရွာနေ ဦးဆွေ၏သမီး မမိုး၏ အမည်မှန်မှာ မမိုးမိုးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၂၂-၆-၂ဝဝ၇) ဖြစ်ပါကြောင်း။

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ရွာင်မြို့နယ်၊ ကျောက်ငှက်ကျေးရွာအုပ်စု၊ ပိတုန်းကိုင်းကျေးရွာနေ မဆီး၏ အမည်မှန်မှာ မစန်းစီဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၂ဝ-၄-၂ဝဝ၆) ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

လှိုင်လင်မြို့၊ အမက (နမ့်လင်း)မှ မူလတန်းကျောင်းအုပ် ဒေါ်နန်းမွေဖောင် ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅-၁၂-၁၉၈၇) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရှမ်း(တောင်)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ အထက(ကွန်ဟိန်း) Grade-12 မှ မဖြိုးပပဦးနှင့် Grade-9 မှ မမိုင်ခင်ရတနာဦးတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်လှိုင်ဦး ၁၃/ကဟန(နိုင်) ဝ၁၃၄၅၅ ဖြစ်ပါကြောင်း။

## ဦးသုဇော်မျိုး၊ ၇/တငန(နိုင်)၁၁၅၁၄၈ နှင့်အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ (၁၇)ရပ်ကွက်၊ ရတနာလမ်းတွင် နေထိုင်သူ ဒေါ်ရဲမေလွင်ခိုင် ၇/တငန(နိုင်)၁၁၇၆၂၆ ၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

တောင်ငူမြို့နယ်တရားရုံး၊ ၂ဝ၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၉၊ တရားလို ဒေါ်ရဲမေလွင်ခိုင်၊ တရားပြိုင် ဦးသုဇော်မျိုး"တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု”တွင် ၂ဝ၂၃ခုနှစ်၊ ဇွန်လ(၅)ရက်တွင် ချမှတ်ခဲ့သော စီရင်ချက်နှင့်ဒီကရီအရ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရဲမေလွင်ခိုင်နှင့် ဦးသုဇော်မျိုးတို့သည် တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှုလုံးဝမရှိတော့ပါကြောင်း၊ ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်ရေးကိုယ်တာကိစ္စမှန်သမျှနှင့် ကျွန်ုပ်မိတ်ဆွေလုပ်ကိုင်လျက်ရှိသည့် စီးပွားရေးလုပ်ငန်း၊ ပိုင်ဆိုင်မှုပစ္စည်းများမှာ ဦးသုဇော်မျိုးနှင့် သက်ဆိုင်ပတ်သက်မှုလုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| ဒေါ်ရဲမေလွင်ခိုင် | ဒေါ်သက်သက်အေး(LL.B) |
| | တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၄၄ |
| | အမှတ်(၁၉/၅ဝ၁)၊ စတီးလမ်း၊ တောင်ငူမြို့။ |

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်းအမှတ် (၃၄)၊ ဦးပိုင်အမှတ်(၅၄/က)၊ မြေချိန်ဧရိယာ(ဝဒသမဝ၅၅)ကေရှိမြေကွက်သည် မူလက ဒေါ်လေးမြင့် အမည်ဖြင့်(၂-၄-၂ဝ၂၈)ရက်ထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဒေါ်လေးမြင့်က(၂၄-၈-၂ဝ၂၃)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၉၆/၂ဝ၂၄)အရ ဒေါ်လေးလေးသက်ထံသို့လည်း ကောင်း၊ ဒေါ်လေးလေးသက်က (၉-၄-၂ဝ၂၄)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၇၄/၂ဝ၂၄)အရ ဦးထွန်းကျန်(ခ)ထွန်းစံ ၁/ဗမန(နိုင်) ဝ၆၁၁၅၇၊ ဒေါ်ခင်သဲဖြူ ၁/ဗမန(နိုင်) ဝ၉၂၇၈၃(၂)ဦးထံသို့ အဆင့်ဆင့် အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခု အခါဦးထွန်းကျန်(ခ)ထွန်းစံပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်နေ့အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ရွှေတိဂုံစေတီတော်
## နယုန်လပြည့်(မဟာသမယအခါတော်နေ့)အခမ်းအနားကျင်းပမည်

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၁၂ လရာသီပွဲတော်များအနက် (၁၃၈၆ ခုနှစ်၊ နယုန်လပြည့်နေ့) ၂၁-၆-၂၀၂၄ ရက်(သောကြာနေ့) နေ့ထူးနေ့မြတ်၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ရွှေတိဂုံစေတီတော်ရင်ပြင်၌ မဟာသမယအခါ တော်နေ့ အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါ နေ့ထူးနေ့မြတ်၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နံနက် ၀၅:၃၀ နာရီတွင် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းခြင်း၊ နံနက်(၀၆:၀၀)နာရီတွင် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စောင့်ရှောက်ရေး သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခြင်း၊ နံနက်(၀၆:၃၀)နာရီတွင် ရင်ပြင်တော်တောင်ဘက် ရေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ မဟာသမယအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာ တရားတော်များ နာကြား၍ ရေစက်သွန်းချအမျှပေးဝေခြင်း၊ မဟာသမယနေ့ဖြစ်ပေါ်လာပုံကို ဖော်ကျူးသည့် အနေဖြင့် ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့်ဝန်ထမ်းများက ကပိလဝတ်နှင့် ကောလိယအုပ်စု(၂)စုခွဲ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်းတွင် မဟာသမယသုတ် ရွတ်ဖတ်ပူဇော်သည့်အခမ်းအနားကျင်းပခြင်း၊ ငြိမ်းချမ်းရေးအထိမ်းအမှတ်အနေဖြင့် ရင်ပြင်တော်ပေါ်ရှိ ခေါင်းလောင်းများကို တစ်ပြိုင်တည်း တီးခတ်ခြင်းတို့ကိုဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ရဟန်းရှင်လူ ပြည်သူများ ပါဝင်ကုသိုလ်ပြုနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

